မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်၊ ၂၀၀၇ ခုနှစ်၊ မတ် ၆ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၅၇)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ချီးမြှင့်ပွဲ တက်ရောက်အားပေးချီးမြှင့်

နေပြည်တော် မတ် ၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းက ၂၀၀၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု)ချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းက နေပြည်တော်မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ တက်ရောက်အားပေးချီးမြှင့်ကြပြီး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားကာ ၂၀၀၅ ခုနှစ်အတွက် အကောင်းဆုံး မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ရရှိကြသူများအား ရွှေစင်ရုပ်ဆုများ ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့်ဇနီး၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြှင့်တင်ရေး အကဲဖြတ်အဖွဲ့ဝင်များ၊ ရုပ်ရှင်ဆင်ဆာအဖွဲ့နှင့် ဗီဒီယိုဆင်ဆာအဖွဲ့တို့မှ တာဝန်ရှိသူများ၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနာယက၊ ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ အစည်းအရုံးဝင်များ၊ မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မြန်မာ့ ရုပ်ရှင်ထူးချွန်ဆုရရှိပြီးသူ ရုပ်ရှင်အနုပညာရှင်များ၊ ရုပ်ရှင်သရုပ်ဆောင်များ၊ အနုပညာရှင်များ၊ အတတ်ပညာရှင်များ၊ ရုပ်ရှင်ထုတ်လုပ်သူများနှင့် ရုပ်ရှင်မြတ်နိုးသူ ပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✡

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ရရှိကြသည့် ရုပ်ရှင်အနုပညာရှင်များ၊ အတတ်ပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

၂၀၀၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆု (အကယ်ဒမီဆု) ရရှိကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ မတ်လ ၆ ရက်)

ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံများ ဖြန့်ကြက်တည်ဆောက်နေ

နိုင်ငံတော်သည် ပြည်ထောင်စုတစ်ဝန်း အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နယ်မြေဒေသအလိုက် လမ်းများတိုးချဲ့ဖောက်လုပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့်အတူ တံတားသစ်များကိုလည်း ဖြန့်ကြက် တည်ဆောက်ပေးလျက် ရှိသည်။

ယင်းသို့ တည်ဆောက်ပေးရာတွင် ဧရာဝတီတိုင်းမှ ငဝန်တံတား(မြို့ကွင်း)သည် ဇလွန်–ဟင်္သာတ–အင်္ဂပူ–မြန်အောင်လမ်းပေါ်၌တည်ရှိပြီး မြို့ရွာအများစုကို ဖြတ်သန်း ဆက်သွယ်ထားသဖြင့် စီးပွားရေး၊ လူမှုရေးလုပ်ငန်းများအတွက် အချက်အချာကျလျက် ရှိသည်။

ငဝန်တံတား(မြို့ကွင်း)သည် ၁၉၀၇ခုနှစ်ကတည်းက အသုံးပြုခဲ့ရာ သက်တမ်းကြာမြင့်သည်နှင့်အမျှ ဝန်လေးယာဉ်များ ဖြတ်သန်းသွားလာရာ၌ ကန့်သတ်ချက်ရှိလာခဲ့သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ငဝန်တံတား(မြို့ကွင်း)ကို တန် ၆၀ ခံနိုင်ဝန် ရှိသည့် ကုန်တင်ယာဉ်များ အသုံးပြုနိုင်ရေးအတွက် တံတားအသစ်တစ်စင်းကို အကောင်အထည်ဖော် တည်ဆောက်ခဲ့သည်။ အဆိုပါတံတားသည် အရှည် ၂၈၃၅ ပေရှိပြီး နှစ်လမ်းသွား ကြိုတင်အားဖြည့် သံကူကွန်ကရစ်တံတား ဖြစ်သည်။

အလားတူ တံတားအရှည် ၃၉၃၂ပေ၊ ၈ လက်မ၊ ယာဉ်နှစ်လမ်းသွား ပါရှိကာ ခွင့်ပြုတန်ချိန် ၆၀ ခံနိုင်ဝန်ရှိသည့်ဖျာပုံတံတားကိုလည်း ပြည်တွင်းသံပေါင်များဖြင့် တည်ဆောက်ထားရာ ယခုအခါ ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်သည်။

ဖျာပုံတံတားသည် ရန်ကုန်–ညောင်တုန်း–မအူပင်–ကျိုက်လတ်–ဖျာပုံ–ဒေးဒရဲ–ကွမ်းခြံကုန်း–ဒလလမ်းကြောင်းပေါ်၌ တည်ရှိပြီး ကွန်ရက်ပတ်လမ်းသဖွယ် ယှက်နွယ်ထားသဖြင့် လမ်းပန်းဆက်သွယ်မှု ပိုမိုလွယ်ကူလျင်မြန်စေပြီး ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုမည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က နယ်မြေဒေသအသီးသီး၏ စီးပွားရေးအခြေခံအဆောက်အအုံများ ဖြစ်ထွန်းခိုင်မာစေရန်နှင့် ဒေသခံပြည်သူများ လူမှုစီးပွားဘဝ မြင့်မားစေရေးအတွက် နိုင်ငံတစ်ဝန်း၌ လမ်း၊ တံတားများ တည်ဆောက်ပေးနေခြင်းသည် တောင်ပေါ်နှင့်မြေပြန့်၊ မြို့ပြနှင့်ကျေးလက် ကွာဟမှု ပပျောက်ပြီး တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုရှင်သန်ကာ ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးကို ဖြည့်ဆည်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း ဖော်ပြလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲ ဖြစ်သည့် ပညာသင် မြန်မာရဟန်းတော်များ အဖွဲ့ပိုင် သုံးထပ်ကျောင်း(ဗုဒ္ဓဘာသာ ပညာရေး ဗိမာန်တော်ကြီး)အတွက် မန္တလေး အောင်မြေသာစံ မြို့နယ် နေ ဒေါက်တာ လွင်ကို–ဒေါ်သိန်းဝင်း မိသားစုက ကျောင်းအလှူတော် ငွေကျပ်တစ်သိန်းလှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် (မဟာသိမ်တော်ကြီး စာချ–နာယက) ဆရာတော် ဦးဂန္ဓသာရဒက ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က–ပ)

ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ အခွန်လွတ်ဈေးများ စစ်ဆေး

အလေးချိန်ခွင်မှန်ကန်ရေး ဆောင်ရွက်ရန်မှာကြား

ရန်ကုန် မတ် ၅

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများ လိုက်ပါလျက် ရွှေပြည်သာမြို့နယ်၊ လှိုင်သာယာမြို့နယ်၊ ကမာရွတ်မြို့နယ်များရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများနှင့် ပုဇွန်တောင်မြို့နယ် ညောင်တန်းရှိ အဏ္ဏဝါရေလုပ်ငန်း ဦးပိုင်လီမိတက် အစည်းအဝေးခန်းမ၌ ရေချို၊ ရေငန်လုပ်ငန်း တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်ချက်များကိုမှာကြားသည်။

ရှေးဦးစွာ ဒုတိယမြို့တော်ဝန်နှင့်အဖွဲ့သည် ရွှေပြည်သာမြို့နယ် သီရိမင်္ဂလာပတ်လမ်းရှိ အခွန်လွတ်ဈေး၊ လှိုင်သာယာမြို့နယ် အမှတ်(၈)ရပ်ကွက်ရှိ အခွန်လွတ်ဈေးနှင့် ကမာရွတ်မြို့နယ် ဟံသာဝတီ အခွန်လွတ်ဈေးများအတွင်း ရောင်းချနေမှုနှင့် စည်ကားသိုက်မြိုက်စွာ ဝယ်ယူနေသူများကို ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံ၍ တာဝန်ရှိသူများအား ဈေးနှုန်းချိုသာစေရေး၊ အလေးချိန်ခွင်မှန်ကန်စေရေး၊ သန့်ရှင်းလတ်ဆတ်ပြီး ပြည်သူများ စိတ်ချမ်းသာစေရေးအတွက် ဆင့်ကဲကြပ်မတ်ဆောင်ရွက်ရေး မှာကြားသည်။

ညှိနှိုင်းဆောင်ရွက်ပေး

ထို့နောက် ဒုတိယမြို့တော်ဝန်နှင့်အဖွဲ့သည် ပုဇွန်တောင်ညောင်တန်း တံတားတွင် ဆိုက်ကပ်ထားသည့် ရေငန် ငါးဖမ်းသင်္ဘောများနေ့စဉ်ဝင်ရောက်မှု အခြေအနေနှင့် ဖြန့်ဖြူးရောင်းချနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အဏ္ဏဝါရေလုပ်ငန်း ဦးပိုင်လီမိတက် အစည်းအဝေးခန်းမ၌ နေ့စဉ်ရောင်းချပေးနိုင်ရေး အခြေအနေများကို မှာကြားကာ တာဝန်ရှိသူများ၏ တင်ပြဆွေးနွေးချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဒေါ်လှပန်းလမ်းနေ နှစ်ဖက် မိဘများအား ရည်စူးအမှူးထား၍ ဦးဝေလွင်–ဒေါ်တင်လှိုင်၊ သမီး မထက်ထက်အောင်၊ မနှင်းနှင်း စံမိသားစုတို့က ဦးဝေလွင်နှင့် မနှင်းနှင်းစံတို့၏ မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား တောင်ငူအသင်း (ရန်ကုန်)က ဂုဏ်ပြုပူဇော်

ရန်ကုန် မတ် ၅

တောင်ငူအသင်း(ရန်ကုန်)၏ နိုင်ငံတော်က ဆက်ကပ်လှူဒါန်းသည့် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား ပူဇော်ပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန် ဆုပေးပွဲနှင့် နှစ်ပတ်လည် အစည်းအဝေးကို ယမန်နေ့နံနက် ၉နာရီက အဆိုပါ အသင်းတည်ရှိရာ ရန်ကုန်မြို့ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ဖေယျာအောင်မြေကျောင်း ဓမ္မသုခတိုက်၌ ကျင်းပရာ အသင်း ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းက ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား ပူဇော်ရခြင်းကို လျှောက်ထားပြီး တာဝန်ရှိသူများက ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ရ တောင်ငူမြို့ အောင်မင်္ဂလာမိုးကုတ်ရိပ်သာကျောင်းတိုက် ပဓာနနာယကဆရာတော်ဘဒ္ဒန္တ စန္ဒောသာရနှင့် သဒ္ဓမ္မဇောတိကဇောတိကဘွဲ့တံဆိပ်တော်ရ တောင်ငူမြို့ ဖေယျာသီရိ မိဘမဲ့အမျိုးသမီးကလေးများကျောင်း ပဓာနနာယက သီလရှင်ဆရာကြီး ဒေါ်မေဒိနီတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အသက်(၇၅)နှစ်အထက် အသင်းဝင်သက်ကြီးပုဂ္ဂိုလ်များအား ပူဇော်ကန်တော့ကြပြီး တာဝန်ရှိသူများက ပညာရည်ထူးချွန်ဆုရရှိကြသူ အသင်းဝင်များ၏ သားသမီးများအား ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး အသင်းနှစ်ပတ်လည် အစည်းအဝေးကိုလည်း ဆက်လက်ကျင်းပကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပုသိမ်အသင်း(ရန်ကုန်) (၈၆)နှစ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၅ရက်က ကျင်းပရာ ပုသိမ်အသင်းဥက္ကဋ္ဌ သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးဟန်လင်းက ပညာရည်ချွန်ဆုရ ကျောင်းသူတစ်ဦးအား ပညာရည်ချွန်ဆု ဂုဏ်ပြုလွှာပေးအပ်စဉ်။ (က–ပ)

မြဝတီရုပ်မြင်သံကြား

၆–၃–၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြပာန်ဂီတသံ
၄း၁၅	၄။	အလွမ်းတေးပန်းချီချစ်သူဆီ
၄း၂၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၂၅	၇။	ပညာခေတ်
၅း၄၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	မိုးလေဝသသတင်း
၆း၃၀	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၁၃။	လျှပ်တစ်ပြက်
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မုန်တိုင်းကြားကချစ်လိပ်ပြာ"** (အပိုင်း–၁၅)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။	မွေးမြူသုတ
	၁၈။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၁၉။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဝေဟင်ချစ်သူ"** (အပိုင်း–၁၀)

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အရည်အသွေးမြင့်မားသည့် ရုပ်ရှင်နှင့်ဗီဒီယိုဇာတ်ကားများထုတ်လုပ်နိုင်ရေး နည်းလမ်းရှာကြံဆောင်ရွက်နေ

တက်ရောက်အားပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ၂၀၀၅ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်စဉ်။

(သတင်းစဉ်)

✡ ***ရွှေဖုံးမှ***

ဧည့်ခံဖျော်ဖြေ

အခမ်းအနားမစတင်မီ ညနေ ၅ နာရီမှစ၍ ရုပ်ရှင်၊ ဂီတအနုပညာရှင်များက မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်ကာ ပရိသတ်များအား တေးသံသာတို့ဖြင့် သီဆိုဧည့်ခံဖျော်ဖြေကြသည်။

အခမ်းအနားကို ညနေ ၆နာရီခွဲတွင် စတင်ကျင်းပရာ အစီအစဉ်ကြီးကြပ်ကြေညာသူအဖြစ် ဒေါ်ခင်စန်းမြင့်က ဆောင်ရွက်၍ အစီအစဉ်ကြေညာသူများအဖြစ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဦးကျော်သက်လင်းနှင့် ဒေါ်မြမြဝင်းတို့က ဆောင်ရွက်ကြပြီး အစီအစဉ်ပံ့ပိုးသူများအဖြစ် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်များဖြစ်ကြသော သင်ဇာဝင့်ကျော်၊ ခိုင်ပွင့်၊ ဟေမန်အောင်အောင်နှင့် ပြည့်ဖူးခိုင်တို့က ဆောင်ရွက်ကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၂၀၀၅ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

အစီအစဉ်အရ ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ၂၀၀၅ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို တက်ရောက်အားပေးချီးမြှင့်သည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ သဘင်အစည်းအရုံး၊ ဂီတအစည်းအရုံးနှင့် အခြားသော NGO အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များ၊ ဧည့်သည်တော်များနှင့် ရုပ်ရှင်ချစ်ပရိသတ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

ကျေးဇူးတင်ဝမ်းမြောက်

ယနေ့ညပြုလုပ်သည့် ၂၀၀၅ခုနှစ်အတွက် ရုပ်ရှင်ထူးချွန်ဆုပေးအပ်ချီးမြှင့်ပွဲအခမ်းအနားသည် နေပြည်တော်တွင် ပထမဆုံးကျင်းပသည့် အခမ်းအနားဖြစ်ကြောင်း၊ ယင်းအခမ်းအနားကို ယခုကဲ့သို့ စုံစုံညီညီ သိုက်သိုက်ဝန်းဝန်း ကြွရောက်အားပေးကြသည့်အတွက်လည်း အထူးပဲကျေးဇူးတင် ဝမ်းမြောက်ပါကြောင်း ဦးစွာပြောကြားလိုပါကြောင်း။

မိမိတို့အနေနှင့်လည်း ယခုအခမ်းအနားကို အကောင်းဆုံးဖြစ်အောင်နှင့် တက်ရောက်လာကြသော ဧည့်သည်တော်များအတွက်လည်း အဆင်အပြေဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်ထားပါကြောင်း အသိပေးလိုပါကြောင်း။

ယနေ့ညကျင်းပသည့် အခမ်းအနားတွင် ၂၀၀၅ခုနှစ်အတွင်း ထုတ်လုပ်ပြသခဲ့သော မြန်မာ့ရုပ်ရှင်ဇာတ်ကားများထဲမှ ထူးချွန်သည့် အနုပညာရှင်များ၊ အတတ်ပညာရှင်များကို စိစစ်ရွေးချယ်ပြီး ထူးချွန်ဆုများ ချီးမြှင့်သွားမည်ဖြစ်ပါကြောင်း၊ ၁၉၅၂ခုနှစ်ကစပြီး မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်မြင့်မားစေရေးကို ရှေးရှုလျက် နိုင်ငံတော်က နှစ်စဉ် ရုပ်ရှင် အကယ်ဒမီရွှေစင်ဆုများ ချီးမြှင့်ခဲ့ပါကြောင်း၊ ထိုသို့ချီးမြှင့်ရာတွင်လည်း တစ်နှစ်ထက်တစ်နှစ် အကယ်ဒမီဆုအမျိုးအစားများကို တိုးချဲ့ချီးမြှင့်ခဲ့ရာ ယနေ့အခါ အမျိုးအစား ၁၁မျိုးအထိ ချီးမြှင့်ပေးလျက်ရှိပါကြောင်း၊ ယနေ့အထိ ချီးမြှင့်ပေးခဲ့ပြီးသည့် ထူးချွန်ဆုပေါင်း ၂၉၀ ရှိခဲ့ပြီးဖြစ်ပါကြောင်း။

ယခုဆိုလျှင် နိုင်ငံတော်အကြီးအကဲ၏ အားပေးလမ်းညွှန်ချက်နှင့်အညီ ကျွမ်းကျင်တတ်မြောက်သော ရုပ်ရှင်အတတ်ပညာရှင်၊ အနုပညာရှင်များ မွေးထုတ်နိုင်ရေးအတွက် ယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်ရှိ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)တွင် ရုပ်ရှင်နှင့် ပြဇာတ်ပညာ သုံးနှစ်ဘွဲ့ကြိုသင်တန်းကို သင်တန်းသား ၆၆ ဦးနဲ့ စတင်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ထိုသင်တန်း၏ အကျိုးဆက်အဖြစ် ရုပ်ရှင်၊ ဗီဒီယိုနှင့် ပြဇာတ်ပညာရပ်များကို စနစ်တကျတတ်မြောက်သည့် မျိုးဆက်သစ်ပညာရှင်များကို မွေးထုတ်ပေးနိုင်တော့မည်ဖြစ်သကဲ့သို့ အရည်အသွေး အဆင့်အတန်းမြင့်မားသည့် ရုပ်ရှင်၊ ဗီဒီယိုဇာတ်ကားကောင်းများ ထုတ်လုပ်နိုင်ရေးအတွက်လည်း များစွာအထောက်အကူပြုနိုင်တော့မည် ဖြစ်ပါကြောင်း၊ ထို့အတူ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အရည်အသွေးမြင့်မားသည့် ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများ ထုတ်လုပ်နိုင်ရေးအတွက်လည်း ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ယူပြီး ကော်မတီဖွဲ့စည်းကာ လေ့လာသုံးသပ် နည်းလမ်းများရှာကြံ ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

အလားတူ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပြည်ပရုပ်ရှင်ပွဲတော်များသို့ ပါဝင်တက်ရောက် ပြသနိုင်ရေး၊ မြန်မာဇာတ်ကားများ ပြည်ပသို့ ထိုးဖောက်ပြသနိုင်ရေးတို့ကိုလည်း အလေးထားအားပေးကူညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အမှုဆောင်များနှင့် နိုင်ငံတကာရုပ်ရှင်ဆက်သွယ်ရေးကော်မတီတစ်ရပ်ကို ဖွဲ့စည်းထားရှိပြီး ပြည်ပသို့ ဈေးကွက်ထိုးဖောက်နိုင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့ကြောင့်လည်း ယခုနှစ်အတွင်း စင်ကာပူနိုင်ငံတွင်ပြုလုပ်ခဲ့သည့် အာဆီယံရုပ်ရှင်ပွဲတော်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် နိုင်ငံတကာရုပ်ရှင်ပွဲတော်၊ အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့နှင့် နယူးဒေလီမြို့များ၌ပြုလုပ်ခဲ့သည့် ရုပ်ရှင်ပွဲတော်များ၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် မြန်မာရုပ်ရှင်ပွဲတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟန်ကျိုးမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် ရွှေကြက်ဖ–ပန်းတစ်ရာရုပ်ရှင်ပွဲတော် စသည့် ရုပ်ရှင်ပွဲတော်များတွင် အဆင့်မြင့် မြန်မာရုပ်ရှင်ကားများ ပြသနိုင်ခဲ့ပါကြောင်း၊ မြန်မာရုပ်ရှင်အနုပညာရှင်များ၊ အတတ်ပညာရှင်များလည်း ပါဝင်ဆင်နွှဲနိုင်ခဲ့ကြပါကြောင်း၊ ထို့အပြင် ပြန်ကြားရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုနှင့် ကိုရီးယားနိုင်ငံ ဂွမ်ဂျူးမြို့တွင် ကျင်းပသည့် (၅)ကြိမ်မြောက် ဂွမ်ဂျူးနိုင်ငံတကာ ရုပ်ရှင်ပွဲတော်နှင့် ကိုရီးယား–မြန်မာချစ်ကြည်ရေး နှစ်(၃၀)ပြည့် အထိမ်းအမှတ်ကိုဂုဏ်ပြုသည့်အနေနှင့် တောင်အာဖရိကနိုင်ငံ ပရီတိုးရီးယားမြို့၌ ကျင်းပခဲ့သည့် အာဆီယံရုပ်ရှင်ပွဲတော်တို့မှာလည်း မြန်မာရုပ်ရှင်ဇာတ်ကားများ ပါဝင်ပြသခဲ့ပြီး ဈေးကွက်စမ်းသပ်ထိုးဖောက်နိုင်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ထို့အတူ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာ့ရုပ်ရှင်လုပ်ငန်း အဆင့်အတန်းမြင့်မားရေးအတွက် လိုအပ်သော စက်ကိရိယာများကိုလည်း အဘက်ဘက်ကပြည့်စုံအောင် ပံ့ပိုးကူညီ ထူထောင်ပေးလျက်ရှိပါကြောင်း၊ ယနေ့ဆိုလျှင် ရုပ်ရှင်လောကအဆင့်အတန်း မြင့်မားလာစေရေးအတွက် ဆက်စပ်အသုံးပြုရမည့် စက်ပစ္စည်းများကို နိုင်ငံခြားမှ မှာယူတင်သွင်းနေပြီဖြစ်ပါကြောင်း၊ မကြာမီ ရုပ်ရှင်ကူးဆေးစက်၊ အရောင်ခွဲစက်နှင့် စတီရီယိုအသံကူးပြောင်းစက်အသစ်များ ရောက်ရှိလာတော့မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အရုပ်၊ အရောင်၊ အသံ အရည်အသွေးများ ပိုမိုကောင်းမွန်သည့် ရုပ်ရှင်ဇာတ်ကားများကို ထုတ်လုပ်ပေးနိုင်တော့မည်ဖြစ်ကြောင်း ပြောကြားလိုပါကြောင်း၊ ယင်းတို့သည် ရုပ်ရှင်လောကနှင့် ရုပ်ရှင်လောကသားများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်အစိုးရက ထားရှိသည့်စေတနာများဖြစ်ပါကြောင်း၊ ရုပ်ရှင်လောကသားများအနေဖြင့်လည်း မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြင့်မားရေးနှင့် ဈေးကွက်ကျယ်ပြန့်ရေးသည် မြန်မာ့ရုပ်ရှင်လောက၏အသက်ဖြစ်သည် ဆိုတာ သဘောပေါက်ပြီး အရှိန်အဟုန်မြှင့် ဆက်လက်ကြိုးစားရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားလိုပါကြောင်း။

နိုင်ငံတော်က ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်အောင် ရုပ်ရှင်အဆင့်အတန်းမြင့်မားလာအောင် ယခုကဲ့သို့ အားပေးချီးမြှင့်ခဲ့သလို ရုပ်ရှင်လောကသားများအတွက် မှီခိုအားထားရာဖြစ်သည့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအသစ်ကိုလည်း ပြန်လည်ဖွဲ့စည်းပေးခဲ့ရာ ယခုဆိုလျှင် နှစ်နှစ်နီးပါး သက်တမ်းရှိခဲ့ပြီ ဖြစ်ကြောင်း၊ ထိုသက်တမ်းကာလအတွင်း အစည်းအရုံး အမှုဆောင်များအနေနှင့်လည်း စည်းစည်းလုံးလုံး တက်တက်ကြွကြွနှင့် ရုပ်ရှင်လောက တိုးတက်လာအောင် ဆောင်ရွက်နေသည်ကို တွေ့မြင်ရပါကြောင်း။

ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် ရုပ်ရှင်လောကသားများက ဆောင်ရွက်ရမည့် ရည်ရွယ်ချက်(၅)ရပ်ကိုလည်း ၂၀၀၅ခုနှစ်ကတည်းက ညှိနှိုင်းချမှတ်ခဲ့ကြပြီးဖြစ်ပါကြောင်း၊ အခါအခွင့်သင့်ခိုက် ရုပ်ရှင်လောကသားများ ထပ်မံသိရှိ ကြိုးပမ်းနိုင်အောင် ပြန်လည်ပြောကြားရမည်ဆိုလျှင်–

(၁) ရုပ်ရှင်လောကသားများရဲ့ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့ရုပ်ရှင်နဲ့ ဗီဒီယိုလောက ဖွံ့ဖြိုးတိုးတက်ရေး စည်းလုံးညီညွတ်ရေးတို့ကို အလေးထားဆောင်ရွက်ရန်။
(၂) မြန်မာ့ရုပ်ရှင်နဲ့ ဗီဒီယိုထုတ်လုပ်မှု စက်မှုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရန်။
(၃) မြန်မာ့ရုပ်ရှင်နဲ့ ဗီဒီယိုဇာတ်ကားများထုတ်လုပ်မှု အဆင့်အတန်း၊ အရည်အသွေးမြင့်မားအောင် ကြိုးပမ်းဆောင်ရွက်ရန်။
(၄) မြန်မာ့ရုပ်ရှင်နဲ့ ဗီဒီယိုဇာတ်ကားများ ပြည်ပသို့ ထိုးဖောက်ပြသပြီး ဈေးကွက်ရရှိအောင် ဆောင်ရွက်ရန်။
(၅) နိုင်ငံတော်ရဲ့ အမျိုးသားရေးတာဝန်များကို နိုင်ငံတော်အစိုးရနဲ့အတူ လက်တွဲပူးပေါင်း ထမ်းဆောင်ကြရန်

ဆိုသည့် အချက်များပဲ ဖြစ်ပါကြောင်း၊ ထို့အပြင် ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏ဦးဆောင်မှုနှင့် ရုပ်ရှင်လောကသားများ၊ လုပ်ငန်းရှင်များက ဆောင်ရွက်သင့်သည့် အချက်(၅)ချက်ကိုလည်း မိမိပြောကြားခဲ့ပြီး ဖြစ်ပါကြောင်း။

ယင်းတို့မှာ–

(၁) နိုင်ငံတော်က မူဘောင်နဲ့အညီ ပံ့ပိုးပေးမှုနဲ့ ခေတ်မီ Studioတစ်ခုကို တစ်ဦးတည်းဖြစ်စေ၊ အများနဲ့ဖြစ်စေ ပူးပေါင်းအကောင်အထည်ဖော်ရန်။
(၂) Stereo အသံစနစ်ကို တည်းဖြတ်နိုင်တဲ့ တည်းဖြတ်စက်များ ထူထောင်ရန်။
(၃) နိုင်ငံတကာအဆင့်မီ ရိုက်ကူးနိုင်တဲ့ ကင်မရာအပါအဝင် ခေတ်မီရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးပစ္စည်းများ ရှိလာအောင် ဆောင်ရွက်ကြရန်။
(၄) ပုဂ္ဂလိကပိုင်နဲ့ နိုင်ငံတော်ထံမှ ငှားရမ်းလုပ်ကိုင်နေတဲ့ ရုပ်ရှင်ရုံများကို ခေတ်မီအောင် ပြုပြင်တည်ထောင်သွားကြရန်။
(၅) နိုင်ငံတကာအဆင့်မီ ခေတ်မီရုပ်ရှင်ရုံများ ရန်ကုန်မြို့နဲ့ မန္တလေးမြို့တို့မှာ ပေါ်ထွန်းလာစေရေး ဆောင်ရွက်ကြရန်

စသည့် အချက်များပဲဖြစ်ပါကြောင်း။ *စာမျက်နှာ ၆ ကော်လံ ၁*

ကမ္ဘာ့နိုင်ငံအများအပြားတွင် ပြောင်းလဲသုံးစွဲရန် လေ့လာဆောင်ရွက်နေကြသည့် E-Cinema စနစ်ကို မြန်မာ့ရုပ်ရှင်လုပ်ငန်းအတွက်ရော၊ ရုပ်ရှင်၊ ဗီဒီယိုထုတ်လုပ်သူများ၊ ပြသသူရုပ်ရှင်ရုံပိုင်ရှင်များ၊ ရုပ်ရှင်ကြည့်ရှုသူ ပြည်သူများအတွက်ပါ အားသာ အားနည်းချက်များကို နှိုင်းယှဉ်လေ့လာသုံးသပ်။

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် မတ် ၈ရက်မှ ၁၈ရက်အထိ ကျင်းပမည့် (၇၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ကားပြပွဲအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေသည်ကို မတ် ၄ရက်က တွေ့ရစဉ်။ (အင်တာနက်)

ထိုင်းနှင့် မလေးရှား ပူးပေါင်း၍ နှစ်နိုင်ငံနယ်စပ်တစ်လျှောက် ကင်းလှည့်မည်

ဗန်ကောက် မတ် ၅

ထိုင်းဘုရင့်ကြည်းတပ်နှင့် မလေးရှားရဲတပ်ဖွဲ့တို့ ပူးပေါင်းထားသောတပ်ဖွဲ့သည် နှစ်နိုင်ငံ နယ်စပ်တစ်လျှောက် လုံခြုံရေးဆောင်ရွက်ရန်အလို့ငှာ မကြာမီစတင်တော့မည်ဖြစ်ကြောင်း ထိုင်းနယူးစ်အေဂျင်စီက မတ် ၁ရက်က သတင်းထုတ်ပြန်သည်။

ထိုင်းအမှတ် (၄)တပ်ရင်းမှ တပ်မှူး ဗိုလ်မှူးကြီး ဗီရတ်ကာမိုစလစ်သည် မလေးရှားနိုင်ငံ၌ မလေးရှား ရဲတပ်ဖွဲ့အကြီးအကဲ ဒါတိုအက်စ်မန် ဘင်ယို ဆော့ဖ်နှင့်တွေ့ဆုံအပြီး ထိုင်းဗိုလ်မှူးကြီးက အထက်ပါအတိုင်း ထုတ်ဖော်ပြောကြားလိုက်ခြင်း ဖြစ်သည်။

ယင်းတို့သည် မတ် ၁၄ရက်မှ ဇွန် ၁၆ရက်အထိ နှစ်နိုင်ငံအကြား သုံးလကြာ ပူးတွဲကင်းလှည့်ကြမည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဘဂ္ဂဒက်၌ လမ်းဘေးဗုံးပေါက်ကွဲ

ဘဂ္ဂဒက် မတ် ၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် မတ် ၃ရက်က အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံးသွားကြောင်း အမေရိကန်စစ်ဘက် ကြေညာချက်တစ်ရပ်၌ ဖော်ပြသည်။

အမေရိကန်တပ်ဖွဲ့ဝင်များ လိုက်ပါလာသော မော်တော်ယာဉ်တစ်စီး ဘဂ္ဂဒက်မြို့လယ်တွင် ဖြတ်သန်းမောင်းနှင်စဉ် လမ်းဘေးဗုံးပေါက်ကွဲ မှုဖြစ်ပွားခဲ့သဖြင့် အဆိုပါတပ်ဖွဲ့ဝင် သုံးဦးသေဆုံးသွားခဲ့ရခြင်းဖြစ်ကြောင်း ၎င်းတို့၏ ကြေညာချက်၌ ဖော်ပြသည်။

လမ်းဘေးဗုံးပေါက်ကွဲပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များ ဒဏ်ရာရရှိခဲ့ရာ မကြာမီ သေဆုံးသွားခဲ့ခြင်းဖြစ်သည်ဟုလည်း ဖော်ပြထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဒေသဆိုင်ရာနှင့် နိုင်ငံတကာရေးရာကိစ္စများ ဆူဒန်နှင့် အီရန်နှစ်နိုင်ငံ အမြင်ချင်းတူညီ

ခါတွန် မတ် ၅

အနောက်အုပ်စု၏ ဖိအားပေးမှုနှင့်ထိပ်တိုက်တိုးနေသည့် ဆူဒန်နိုင်ငံဘက်မှ အီရန်နိုင်ငံက ရပ်တည်လျက်ရှိကြောင်း ဧည့်သည်တော် အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်က ခါတွန်၌ မတ် ၁ရက်က အခိုင်အမာ ပြောကြားလိုက်သည်။

ဆူဒန်နိုင်ငံသို့ နှစ်ရက်ကြာသွားသည့် ခရီးစဉ်အပြီး ဆူဒန်သမ္မတ အယ်ဘရှားနှင့် ပူးတွဲသတင်းစာရှင်းလင်းပွဲ ကျင်းပစဉ် အီရန်သမ္မတ အာမက်ဒီနီဂျက်က အထက်ပါအတိုင်း အာမခံလိုက်ခြင်းဖြစ်သည်။

ပြစ်တင်ရှုတ်ချ

ဆူဒန်ပြည်သူနှင့် ဆူဒန်အစိုးရကို ရန်ထောင်ဆန့်ကျင်သည့် အစီအစဉ်များကို မိမိတို့ ပြစ်တင်ရှုတ်ချကြောင်း ၎င်းက သတင်းထောက်များအား ပြောကြားလိုက်သည်။

စာချုပ်ချုပ်ဆို

ဆူဒန်ခရီးစဉ်အတွင်းတွင် သိပ္ပံ၊ယဉ်ကျေးမှု၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးကဏ္ဍ အကျုံးဝင်သည့် နှစ်နိုင်ငံသဘောတူစာချုပ် ခုနစ်ခုကို ချုပ်ဆိုနိုင်ကြောင်း အီရန်သမ္မတက ထုတ်ဖော်ပြောကြားသည်။

ထည့်သွင်းပြောကြား

ဆူဒန်သမ္မတ အယ်ဘရှားက ပြန်လည်ပြောကြားရာ၌ ဒေသဆိုင်ရာနှင့် နိုင်ငံတကာရေးရာကိစ္စများတွင် ဆူဒန်နိုင်ငံနှင့် အီရန်နိုင်ငံတို့ အမြင်ချင်း တူညီကြကြောင်း ထည့်သွင်းပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ရေနံလုပ်ငန်း ဖွံ့ဖြိုးရေး ဗီယက်နမ်ကြိုးပမ်းမည်

ဟနွိုင်း မတ် ၅

ပြည်ပနိုင်ငံများမှ ရေနံစိမ်းများအား သယ်ယူရာတွင် အသုံးပြုနိုင်ရန် ရေနံတင်သင်္ဘော၁၅စင်းခန့် ကိုယ်ပိုင်ထူထောင်သွားရေး ဗီယက်နမ်နိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့အုပ်စု (ပက်ထရိုဗီယက်နမ်)က စီစဉ်လျက်ရှိသည်။

အဆိုပါ ရေနံတင်သင်္ဘောများဖြင့် နိုင်ငံရပ်ခြား ရေနံမြေများမှ ရေနံများကို ကိုယ်ပိုင်သင်္ဘောများဖြင့် သယ်ယူကာ ပြည်တွင်း၌ သုံးစွဲနိုင်မှုနှင့် အနာဂတ်ကာလ ဗီယက်နမ်နိုင်ငံ၏ ရေနံလုပ်ငန်း ဖွံ့ဖြိုးမှုကိုလည်းဖြည့်ဆည်းပေးရန်အတွက် ယခုကဲ့သို့ စီစဉ် လုပ်ဆောင်ရခြင်းဖြစ်ကြောင်း ပက်ထရို ဗီယက်နမ်က မတ် ၂ရက်၌ ပြောကြားသည်။

ဆက်သွယ်ဆောင်ရွက်

ဗီယက်နမ်နိုင်ငံပိုင် ပက်ထရို ဗီယက်နမ် ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းအနေဖြင့် လောလောဆယ်တွင် ဗင်နီဇွဲလား၊ မလေးရှားနှင့် အခြားနိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည်။

ဗီယက်နမ်နိုင်ငံအနေဖြင့် ရေနံစိမ်းများတင်ပို့သော နိုင်ငံဖြစ်သော်လည်း လောလောဆယ်တွင် ရေနံထုတ်ကုန်များ တင်သွင်းနေရသည့် အနေအထားရောက်နေသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အင်ဒိုနီးရှား၌ ဗုံးပေါက်ကွဲ

ဂျကာတာ မတ် ၅

အင်ဒိုနီးရှားနိုင်ငံ အမ်ဘွန်ကျွန်းတွင် မတ် ၃ရက်က လက်လုပ်ဗုံးငယ်တစ်လုံးပေါက်ကွဲမှုဖြစ်ပွားရာ လူ၁၄ဦး ဒဏ်ရာရရှိခဲ့ကြောင်း အင်ဒိုနီးရှား ရဲတပ်ဖွဲ့က ပြောကြားသည်။

ပေါက်ကွဲမှု

အဆိုပါဗုံးမှာ အမ်ဘွန်ကျွန်းသို့ ဆိုက်ကပ်လာသော သင်္ဘောတစ်စင်းပေါ်မှ ခရီးသည်များဆင်းလာပြီးနောက် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ဒဏ်ရာရသူအများစုမှာ ခရီးသည်များဖြစ်ကြောင်း၊ ယာဉ်မောင်းများနှင့် အရပ်သားများလည်း ဒဏ်ရာရရှိခဲ့ကြောင်း၊ ဗုံးပေါက်ကွဲမှုနှင့် ပတ်သက်၍ မိမိတို့ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အင်တာနက် – ကျန်းမာရေး

စိုစွတ်သောနေရာများ၌ နေထိုင်ရသော ကလေးငယ်များ နာတာရှည် ပန်းနာရောဂါ ခံစားရနိုင်

ဟယ်ဆင်ကီ မတ် ၅

ဟောင်းနွမ်းလွန်းသောနေအိမ်နှင့် စိုစွတ်မှုများသောနေရာများ၌ နေထိုင်ရသော ကလေးငယ်များသည် နာတာရှည် ပန်းနာရောဂါရရှိတတ်ကြောင်း ဖင်လန်နိုင်ငံမှ သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

တွေ့ရှိ

အိုးအိမ်ဟောင်းနွမ်းလွန်းသော အနေအထားသည် ကလေးငယ်များအား နာမကျန်းမှုနှင့်ဆက်စပ်လျက်ရှိပြီး ပန်းနာရောဂါဖြစ်ပွားစေရန်အတွက် အချက်တစ်ချက်အဖြစ် တွေ့ရှိရကြောင်း ၎င်းတို့က ပြောကြားသည်။

ထိုသို့သောနေအိမ်များတွင် နေထိုင်သော ကလေးငယ် ၃၀၀ကျော်အား ကွင်းဆင်းသုတေသနပြုခဲ့ရာမှ တွေ့ရှိသော ရလဒ်ဖြစ်ကြောင်း ဖင်လန်သုတေသနပညာရှင်များက ၎င်းတို့၏သုတေသနပြုချက်၌ ဖော်ပြထားသည်။

ရောဂါခံစား

အစိုဓာတ်များပြီး ဖုန်မှုန့်များရှိကာ သန့်ရှင်းမှုမရှိသော နေအိမ်များမှ ကလေးငယ်ငါးဦးလျှင် တစ်ဦးမှာ ပန်းနာရောဂါ ခံစားရသောကလေး (အောက်ပုံ) **ဖြစ်ကြောင်း ဖင်လန်သုတေသနပညာရှင် ဒေါက်တာ ဂျူဟာပက်ကာနန်က ပြောကြားသည်။ ထိုကလေးများသည် နာတာရှည်ပန်းနာရောဂါသည်လေးများအဖြစ် နေထိုင်ကြရသည်ဟုလည်း ၎င်းက ပြောကြားသည်။** (အင်တာနက်)

တရုတ်နိုင်ငံ ဟန်ကျိုမြို့တွင် ဒေသခံပြည်သူတစ်ဦး စွန်လွှတ်ပြိုင်ပွဲဝင်ရန် ပြင်ဆင်နေသည်ကို မတ် ၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ရုပ်မြင်သံကြား ကြည့်ရှုမှုနှင့် အချိုရည်သောက်မှု လွန်ကဲပါက ကလေးများ အဝလွန်နိုင်

နယူးယောက် မတ် ၅

သုံးနှစ်အရွယ်ကလေးငယ်များနှင့်သုံးနှစ်ကျော်ကလေးငယ်များသည် ရုပ်မြင်သံကြားကြည့်ရှုခြင်း၊ အချိုရည်များ လွန်ကဲစွာ သောက်သုံးခြင်းတို့ကြောင့် အဝလွန်မှု ဖြစ်ပေါ်တတ်ကြကြောင်း အမေရိကန်သုတေသန ပညာရှင်များက ပြောကြားလိုက်သည်။

ပိုမိုတိုးပွားစေ

အဆိုပါ အသက်အရွယ်ရှိ ကလေးငယ်များအနေဖြင့် သာမန်ထက် ရုပ်မြင်သံကြားကြည့်ရှုချိန်များခြင်းနှင့် အချိုရည်များ ပိုမိုသောက်သုံးခြင်းများကြောင့် ခန္ဓာကိုယ်အတွင်းကယ်လိုရီများ ပိုမိုတိုးပွားစေခြင်းဖြစ်ပေါ်သည်ဟု ၎င်းတို့က ပြောကြားသည်။

ထိုသို့ ခန္ဓာကိုယ်အတွင်း ကယ်လိုရီဓာတ်များခြင်းကြောင့် ကိုယ်ခန္ဓာအလေးချိန်တက်ကာ အဝလွန်မှုကို ဖြစ်ပေါ်စေတတ်ကြောင်း အမေရိကန်သုတေသန ပညာရှင်များက ပြောကြားသည်။ **(အင်တာနက်)**

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု

စပါးခွံဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်များ တိုးချဲ့ထုတ်လုပ် စက်မှုလက်မှုလုပ်ငန်းများ၌ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုရေးစီစဉ်

ရန်ကုန် မတ် ၅

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်တို့သည် ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် လှိုင်သာယာစက်မှုဇုန် အပိုင်း (၆)ရှိ မြန်မာတီထွင်သူများ သမဝါယမအသင်းလီမိတက်၏ လောင်စာဆီအစားထိုး ဓာတ်ငွေ့ထုတ်လုပ်သည့် စက်ရုံရှိ စပါးခွံအခြေခံ အခြားလောင်စာများနှင့် လောင်စာတောင့်အသုံးပြုသော လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့်စက်များကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ တိုင်းမှူးနှင့်ဝန်ကြီးတို့သည် စက်ရုံအတွင်းရှိ ရခိုင်ပြည်နယ် မြောက်ဦးမြို့သို့ ပို့ဆောင်မည့် 8 DC 11၊ စပါးခွံဓာတ်ငွေ့အင်ဂျင်များ၊ R.H.7 စပါးခွံ ဓာတ်ငွေ့ထုတ်စက်နှစ်လုံး၊ ကိုကိုးကျွန်းမြို့နယ်သို့ ပို့ဆောင်မည့် CH-20အုန်းလက်လောင်စာတောင့်သုံး ထင်းမီးဖိုအင်ဂျင်၊ စက်ရုံသုံးRH.3 ထင်းမီးဖိုအင်ဂျင်၊ တောင်ကုတ်မြို့သို့ ပို့ဆောင်မည့် ကေဗွီအေ ၅၀၀ ဒိုင်နမိုနှင့် တွဲဖက်အသုံးပြုရသော R.H.70 စပါးခွံ ဓာတ်ငွေ့ထုတ်စက်၊ စက်ရုံသုံး ၁၂၅ကေဗွီအေ ဒိုင်နမိုခြောက်လုံးထိုး အင်ဂျင်တို့နှင့် တွဲဖက်အသုံးပြုရသော RH.10စပါးခွံဓာတ်ငွေ့ထုတ်စက်၊ စပါးခွံဓာတ်ငွေ့အင်ဂျင်အဖြစ် ပြောင်းလဲ ပြုပြင်ထားသည့် တီဘီ(၁၁)အင်ဂျင်နှင့် 8.DC.9တစ်လုံးထိုး အင်ဂျင်တို့ကို လည်းကောင်း၊ စက်ပစ္စည်းကိရိယာ အစိတ်ပိုင်းများကိုလည်းကောင်း လိုက်လံကြည့်ရှုအားပေးကြရာ မြန်မာတီထွင်သူများ သမဝါယမအသင်း လီမိတက်ဥက္ကဋ္ဌ ဦးစိုးတင့်အောင်က လိုက်လံရှင်းလင်း ပြသသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့က နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် အထောက်အကူပြုသည့် စပါးခွံဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်များကို ပိုမိုတိုးချဲ့ ထုတ်လုပ်ရန်နှင့် စက်မှုလက်မှုလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြရေး စီစဉ်ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

ကျယ်ကျယ်ပြန့်ပြန့်အသုံးပြု

မြန်မာတီထွင်သူများ သမဝါယမအသင်းလီမိတက်သည် စိုက်ပျိုးရေး စွန့်ပစ်ပစ္စည်းများကို အသုံးပြု၍ လျှပ်စစ်စွမ်းအား ၁၅ကေဗွီအေမှ ကေဗွီအေ ၁၀၀၀အထိ ထွက်ရှိသည့် ဓာတ်ငွေ့ထုတ်စက်များကို ၁၉၉၅ ခုနှစ်မှ ယနေ့အထိ စက်အလုံးရေ ၅၁၉ လုံး ထုတ်လုပ်နိုင်ခဲ့ပြီးဖြစ်သည်။ အဆိုပါ ဓာတ်ငွေ့ထုတ်စက်များကို မြစ်ရေတင်လုပ်ငန်း၊ လျှပ်စစ်မီးပေးရေးလုပ်ငန်း၊ ဆန်စက်၊ ရေခဲစက်၊ သစ်ခွဲစက်၊ ဘက်ထရီအားသွင်းစက်၊ ဆီစက်၊ အခြောက်ခံလုပ်ငန်းများနှင့် စက်တပ်ရေယာဉ်တို့၌ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၂)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။**

၂။ **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရေး။**

၃။ **နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။**

၄။ **ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။**

စက်အစိတ်အပိုင်းများ ပြည်တွင်း၌ထုတ်လုပ်နိုင်ရေး ညှိနှိုင်း လျှပ်စစ်ဓာတ်အား အပြည့်အဝဖြန့်ဖြူးနိုင်ရေး ကြံ့ခိုင်မှုအလေးထား

ရန်ကုန် မတ် ၅

အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်မောင်စိုးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မတ်၁ရက် နံနက်ပိုင်းက သာကေတဓာတ်အားပေးစက်ရုံသို့ ရောက်ရှိရာ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများ ထုတ်လုပ်ရေးဌာန ဒုတိယအင်ဂျင်နီယာချုပ်ဦးညွန့်အောင်နှင့် စက်ရုံမှူး ဦးထွန်းလှိုင်တို့က သာကေတစက်ရုံ စက်စွမ်းအားပြည့်လည်ပတ်နိုင်ရန် အသစ်လဲလှယ်ဆောင်ရွက်ခဲ့သည့် Fuel Nozzle များ၊ Cross Fire Tube နှင့် Combustion Liner များ၊ Filter များကို ရှင်းလင်းတင်ပြပြီး သဘာဝဓာတ်ငွေ့ကြောင့် Combustion Liner အတွင်း၌ ချော်ခဲများ၊ ချော်မှုန့်များ ဖြစ်ပေါ်လာမှုများနှင့် Fist Stage Nozzle အတွင်း ချော်ခဲများ ပိတ်ဆို့မှုဖြစ်ပေါ်လာရခြင်း အကြောင်းများကို ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက အသစ်လဲလှယ်သည့် စက်အစိတ်အပိုင်းများ၊ ပြည်တွင်းမှပင် ထုတ်လုပ်နိုင်ရန် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်စေလိုကြောင်း မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် သာကေတ စက်ရုံ၏ အမှတ်(၁) တာဘိုင်အတွင်း စက်စွမ်းအားပြည့် လည်ပတ်နိုင်ရန် စက်အစိတ်အပိုင်းများ လဲလှယ်ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ **(အပေါ်ပုံ)** ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများဌာန အမှုဆောင် အင်ဂျင်နီယာဦးခင်မောင်ဦးက အမှတ်(၁)စက်တွင် တပ်ဆင်ထားရှိသော Gas Control အခြေအနေများကို လည်းကောင်း၊ တာဘိုင်နှင့်ဂျင်နရေတာများကို အသစ်လဲလှယ်ဆောင်ရွက်ပြီးသည့် အခြေအနေများကို လည်းကောင်း လိုက်လံရှင်းလင်းပြသသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးနှင့် အဖွဲ့သည် သာကေတစက်ရုံ၏ Gas Station သို့ ရောက်ရှိပြီး စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း သဘာဝဓာတ်ငွေ့ထိန်း/ဖြန့်စခန်းမှပို့လွှတ်သော သဘာဝဓာတ်ငွေ့ကို Gas Station အတွင်း Dram ပိုက်လိုင်းဖြင့် အမှုန့်များ ထုတ်လုပ်နိုင်ရန် ဆောင်ရွက်ထားရှိမှုနှင့် သဘာဝဓာတ်ငွေ့ရရှိမှု အခြေအနေများကို လည်းကောင်း၊ စက်ရုံ၏ စက်များလည်ပတ်မှုကို မထိခိုက်စေရန် အချိန်အပိုင်းခြားအလိုက် သဘာဝဓာတ်ငွေ့များ သန့်စင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ပြည်သူများသို့ လျှပ်စစ်ဓာတ်အား အပြည့်အဝဖြန့်ဖြူးပေးနိုင်ရန် စက်များ၏ ကြံ့ခိုင်မှုကို အလေးထား ဆောင်ရွက်ပေးစေလိုကြောင်း၊ လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်နိုင်ရန် တာဝန်ရှိသူများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်စေလိုကြောင်း မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိလောကမာရဇိန်ဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

ရန်ကုန် မတ် ၅

ဧရာဝတီတိုင်း မအူပင်မြို့နယ် ရေလဲကလေးမြို့ မဟာဗုဒ္ဓါရာမ ဝိဟာရကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်ထားသော ဉာဏ်တော်အတောင် ၆၀ မြင့် တိလောကမာရဇိန်ဘုရားကြီး နှစ်(၅၀) ရွှေရတုဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ၁၃၆၈ခု တန်ခူးလဆန်း ၅၊ ၆ရက် (မတ် ၂၂၊ ၂၃ရက်) တို့တွင် အင်္ဂပူထီးတော်တင်အဖွဲ့က ထီးတော်တင်လှူပူဇော်မည် ဖြစ်သည်။

ယင်းနေ့ညပိုင်းတွင် ရွှေညီအစ်ကိုများဇာတ်သဘင်အဖွဲ့မှ ကပြဖျော်ဖြေမည်ဖြစ်သည်။ တန်ခူးလဆန်း ၇ရက် (မတ် ၂၄ရက်)တွင် ဆွမ်းတော်ကြီးကပ်ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင်ကပ်လှူပူဇော်ပြီး ယင်းနေ့ညပိုင်းတွင် နိုင်ငံကျော်ဓမ္မကထိကတွံတေးအရှင်ကုန္ဒကမှ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်မည်ဖြစ်သည်။ တန်ခူးလဆန်း၈ရက် (မတ် ၂၅ရက်)တွင် ပင့်သံဃာအပါး၇၀တို့အား နေ့ဆွမ်းဆက်ကပ်ပြီး မွန်းလွဲ ၁နာရီတွင် ဆွမ်းတော်ကြီး လောင်းလှူမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ပုဂံညောင်ဦး မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၅

ပုဂံညောင်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၄ရက်က ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ဓမ္မသုခကျောင်းတိုက် မှန်ကျောင်းရွှေနှင်းဆီ ဓမ္မဗိမာန်တော်၌ ကျင်းပရာ နာယကဦးဘစောက အမှာစကားပြောကြားပြီး ဥက္ကဋ္ဌဦးသိန်းအောင်က ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးသည်။

အတည်ပြု

ဆက်လက်၍ အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာ၊ ငွေစာရင်းရှင်းတမ်းနှင့် အမှုဆောင်သစ် အမည်စာရင်းများကို အတည်ပြုပြီး အသင်းဝင်သက်ကြီးပုဂ္ဂိုလ် ၄၅ဦးအား ပူဇော်ကန်တော့ကြကာ ၂၀၀၆ တက္ကသိုလ်ဝင်စာမေးပွဲဂုဏ်ထူးရှင် အသင်းဝင်တို့၏ သားသမီး၁၄ဦးတို့အား တာဝန်ရှိသူများက ပညာရည်ချွန်ဆု ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)** **(က-ပ)**

အမှတ်(၂) အခြေခံပညာ မူလတန်းကျောင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက်က ကျင်းပရာ သူငယ်တန်း(ခ)မှ ဘာသာရပ်ဆိုင်ရာ ထူးချွန် (မြန်မာစာ) ဆုရ မမိုးသဒ္ဒါမင်းဦးအား ကျောင်းအုပ်ဆရာကြီး ဦးစန်းအောင်က ပညာရည်ချွန်ဆု ချီးမြှင့်စဉ်။
(က-ပ)

ရုပ်ရှင်အဆင့်အတန်းမြင့်ရေးနှင့် ဈေးကွက်ကျယ်ပြန့်ရေးသည် ရုပ်ရှင်လောက၏ အသက်ဖြစ် ပြည်ပသို့ ဈေးကွက်ထိုးဖောက်နိုင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိ

စာမျက်နှာ ၃ မှ

ထို့အပြင် ကမ္ဘာ့နိုင်ငံအများအပြားတွင် ယနေ့အခါ ပြောင်းလဲသုံးစွဲရန် လေ့လာဆောင်ရွက်နေကြသည့် E-Cinema စနစ်ကိုလည်း ကျယ်ကျယ်ပြန့်ပြန့် လေ့လာပြီး မိမိတို့ရုပ်ရှင်လောက တိုးတက်ရေးအတွက် တကယ်တမ်းအကျိုး ရှိနိုင်မည်ဆိုလျှင် ပြောင်းလဲအသုံးပြု အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မည်သည့်လုပ်ငန်းမဆို အကျိုးနှင့်အပြစ် ဒွန်တွဲနေစမြဲမို့ ထို E-Cinema စနစ်မှာလည်း မြန်မာ့ရုပ်ရှင်လုပ်ငန်းအတွက်ရော၊ ရုပ်ရှင်၊ ဗီဒီယိုထုတ်လုပ်သူများ၊ ပြသသူ ရုပ်ရှင်ရုံပိုင်ရှင်များ၊ ရုပ်ရှင်ကြည့်ရှုသူ ပြည်သူများအတွက် အားသာ အားနည်းချက်များကို နှိုင်းယှဉ်ပြီး လက်တွေ့လေ့လာ သုံးသပ်ဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားလိုပါကြောင်း။

ထိုမှာကြားတိုက်တွန်းချက်များကို ခြုံငုံလေ့လာ ဆန်းစစ်လိုက်မည်ဆိုလျှင် မြန်မာ့ရုပ်ရှင်လောကနှင့် ရုပ်ရှင်လောကသားများအကျိုးအတွက် ဦးတည်တိုက်တွန်း နှိုးဆော်ချက်များချည်းဖြစ်သည်မို့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအနေနှင့်ရော ရုပ်ရှင်လောကသားအားလုံးကပါ ယခုဆောင်ရွက်နေသည်ထက် အရှိန်အဟုန် မြှင့်ပြီး အလေးထားလိုက်နာကြိုးပမ်းဆောင်ရွက်ကြရန် ထပ်မံတိုက်တွန်း မှာကြား လိုပါကြောင်း။

၂၀၀၅ ခုနှစ်နှင့် ၂၀၀၆ ခုနှစ်များတွင် မြန်မာနိုင်ငံထဲကို ပြည်ပကဝင်လာသည့် ရုပ်ရှင်ကားများ၊ ဗွီစီဒီ၊ စီဒီပြားများ အထူးများပြားပါကြောင်း၊ နှစ်စဉ်ပြည်ပက ဝင်လာသည့် ရုပ်ရှင်ကားသည် ပြည်တွင်းကထုတ်လုပ်သည့် ရုပ်ရှင်ကားထက် အရေအတွက် များနေပါကြောင်း၊ ယင်းတို့သည် မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုလောက အတွက် စိန်ခေါ်မှုများဖြစ်သလို အမျိုးသားယဉ်ကျေးမှု၊ အမျိုးသားစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့အပေါ်မှာလည်း စိန်ခေါ်နေမှု များပဲဖြစ်ပါကြောင်း၊ ထိုစိန်ခေါ်မှုများကို ကျော်လွှားနိုင်မှသာ မြန်မာ့ရုပ်ရှင်၊ ဗီဒီယိုလောက ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သကဲ့သို့ အမျိုးသားယဉ်ကျေးမှု၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို ထာဝစဉ်ရှင်သန်ဖွံ့ဖြိုးအောင် ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း သတိပေးမှာကြားလိုပါကြောင်း၊ ထို့အပြင် မြန်မာ့ ရုပ်ရှင်အဆင့်အတန်းကိုကြည့်လျှင် ဇာတ်လမ်းဇာတ်ကွက်အပိုင်း၊ တင်ပြသရုပ် ဖော်မှုအပိုင်း၊ သရုပ်ဆောင်မှုအပိုင်း၊ ဝတ်စားဆင်ယင်မှုအပိုင်း၊ ထုတ်လုပ်သူ အပိုင်း၊ စတူဒီယို စသည့် ရိုက်ကူးရေးအထောက်အကူပြုအပိုင်း၊ အသံ၊ အရုပ်၊ အရောင် စသည့် စက်မှုနည်းပညာအပိုင်း၊ ပြသမှုအပိုင်းနှင့် ရုပ်ရှင်ရုံဝန်ဆောင်မှု အပိုင်း စသည့် အပိုင်းအားလုံးတွင် အားနည်းမှုများရှိနေသေးတာ တွေ့ရှိရပါ ကြောင်း၊ ထိုအရာများကို ပြုပြင်ဆောင်ရွက်နိုင်မှသာ မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြင့်မားလာပြီး ပြည်ပမှ ထိုးဖောက်လာသည့် Media စိန်ခေါ်မှုများကို ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အပြင် ပြည်ပကိုပါ ပြန်လည်ထိုးဖောက် ပြသနိုင်ပြီး ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ထိုအားနည်းချက်များ၊ မပြည့်စုံမှုများကို ကျော်လွှားနိုင်ရန် ကြိုးပမ်းဆောင်ရွက် သင့်သည့် အချက် ၁၂ ချက်ကိုလည်း ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားများ တွင်ရော၊ ရုပ်ရှင်လောကသားများနှင့် တွေ့ဆုံပွဲအခမ်းအနားများတွင်ပါ မိမိ အကြိမ်ကြိမ်အကြံပြု မှာကြားခဲ့ပြီးဖြစ်ပါကြောင်း၊ ထိုအချက်များကိုလည်း အလေး ထား ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ကြရာမှာ လည်း အခက်အခဲများ၊ ဝိရောဓိများ အများအပြားနှင့်ကြုံတွေ့ကောင်း ကြုံတွေ့ ရမည်ဖြစ်ပါကြောင်း၊ ထိုကြုံတွေ့လာသည့်အခက်အခဲ ဝိရောဓိများကို ရုပ်ရှင်အစည်း အရုံးအနေနှင့် ရုပ်ရှင်လောကသားများကို ဦးဆောင်ပြီး အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ကြရာတွင်လည်း–

(၁) ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ ရည်မှန်းချက်

(၂) အတ္တ၊ ပရ မျှတစွာဆောင်ရွက်မှု

(၃) ဓွဲ၊ လုံ့လ၊ ဝီရိယနဲ့ ကြိုးပမ်းဆောင်ရွက်မှု

(၄) စည်းလုံးညီညွတ်မှု

(၅) ပူးပေါင်းဆောင်ရွက်မှုနဲ့

(၆) စိတ်ရှည် သည်းခံ နားလည် ခွင့်လွှတ်မှု

ဆိုသည့် အချက်များကို အခြေခံပြီး ဖြေရှင်းဆောင်ရွက်သွားကြမည်ဆိုလျှင်

စာမျက်နှာ ၇ ကော်လံ ၁ သို့

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာဆုရရှိသော ကြည်စိုးထွန်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုရရှိသော လူမင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုရရှိသော ထွန်းအိန္ဒြာဗိုအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံး ရုပ်ရှင်တေးဂီတဆုရရှိသော ခင်မောင်ကြီးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုရရှိသော ချမ်းသာကြည်စိုးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုရရှိသော မြတ်ကေသီအောင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

6-3 (06) 1 3/6/07, 4:31 PM

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံဆုရရှိသော နိုင်နှရိုန် (ဖထီး)အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံး ရုပ်ရှင်ဇာတ်ကား တည်းဖြတ်ဆုရရှိသော အောင်သွင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အကောင်းဆုံး ရုပ်ရှင်အသံထူးချွန်ဆုရရှိသော ရဲဝင်း(ခ)ရစ်ချက်ရဲဝင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

မအောင်မြင်နိုင်စရာ မရှိဘူးဟု တိုက်တွန်းမှာကြားလိုပါကြောင်း၊ ဝန်ကြီးဌာန အနေဖြင့်လည်း အတတ်နိုင်ဆုံးပံ့ပိုးကူညီ ဆောင်ရွက်ပေးမည်ဖြစ်သလို ဆောင်ရွက်သင့်သည်များကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မကြာမီအချိန်အတွင်းတွင် ၂၀၀၅ခုနှစ်အတွက် ထူးချွန်ဆုများကို တစ်ခုချင်းကြေညာပြီး ချီးမြှင့်တော့မည် ဖြစ်ပါကြောင်း၊ ရုပ်ရှင်ထူးချွန်ဆုရွေးချယ်ရာတွင် ရုပ်ရှင်ဥပဒေပါ အခြေခံမူ(၇)ရပ်ကို အခြေခံပြီး မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရွေးချယ်ချီးမြှင့်ရေးအဖွဲ့ အဆင့်ဆင့်က ထူးချွန်ဆုတစ်ခုချင်းကို သတ်မှတ်ပေးထားသည့် စံချိန်စံညွှန်းများနှင့် ဆန်းစစ် စိစစ်အကဲဖြတ် ရွေးချယ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ၂၀၀၅ခုနှစ်အတွင်း ရုံတင်ပြသခဲ့သည့် ရုပ်ရှင်ဇာတ်ကား ၁၆ကားကို အပြန်ပြန် အထပ်ထပ် ကြည့်ရှုအကဲဖြတ် ရွေးချယ်ထားခြင်းလည်းဖြစ်ပါကြောင်း၊ ယခုနှစ်တွင် ထူးချွန်ဆု ဆွတ်ခူးကြသည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအနေဖြင့် ထပ်ဆင့် ထူးချွန်ဆုများ ရရှိအောင် ဆက်လက်ကြိုးပမ်းသွားကြရန်နှင့် ဆုမရရှိသေးသည့် ပုဂ္ဂိုလ်များအနေဖြင့်လည်း နောင်နှစ်များတွင် ထူးချွန်ဆုများ ဆွတ်ခူးနိုင်အောင် ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်

ရုပ်ရှင်အနုပညာရှင်များ၊ အတတ်ပညာရှင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးကြိုးပမ်းမှုကာလ၊ လွတ်လပ်ရေးထိန်းသိမ်း ကာကွယ်စောင့်ရှောက်မှုကာလ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် တိုးတက်ဖွံ့ဖြိုးရေး ကြိုးပမ်းမှုကာလများတွင် တိုင်းပြည်နှင့်လူမျိုးအကျိုးအတွက် တက်ကြွစည်းလုံးစွာ ပါဝင်ဆောင်ရွက်ခဲ့ကြသကဲ့သို့ ယနေ့ခေတ် မျက်မှောက်ကာလတွင်လည်း တက်ကြွ ညီညွတ်စွာ ပါဝင်နေကြသည်ကို တွေ့ရပါကြောင်း၊ အနာဂတ်မှာလည်း ပြည်ထောင်စုစိတ်ဓာတ်နှင့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်အစိုးရက ယနေ့ဆောင်ရွက်နေသည့် အဆင့်ခုနစ်ဆင့်ဖြင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြပါဟု ထပ်မံတိုက်တွန်းမှာကြားလိုပါကြောင်း၊ နိဂုံးချုပ်အနေဖြင့်–

- **ရုပ်ရှင်လောကအနေနှင့် ရုပ်ရှင်လောကသားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ ရည်ရွယ်ချက်(၅)ရပ်ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြပါ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ ဦးဆောင်မှုနှင့်ရုပ်ရှင်လုပ်ငန်းရှင်များက ဆောင်ရွက်ရမည့် အချက်(၅)ချက်ကိုလည်း အလေးထားအကောင်အထည်ဖော် ဆောင်ရွက်ကြပါ။**
- **မြန်မာ့ရုပ်ရှင်လောကရဲ့အသက်လို့ ဆိုရမယ့် ရုပ်ရှင်အဆင့်အတန်း မြင့်မားရေးနဲ့ ဈေးကွက်ကျယ်ပြန့်ရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါ။**
- **ရုပ်ရှင်လောကသားများအနေဖြင့်လည်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးရဲ့ ဦးဆောင်မှုကို ခံယူပြီး မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြပါ။**
- **မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်၊ အမျိုးသားစရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ရေးကို ရုပ်ရှင်ပညာနဲ့ ကူညီပံ့ပိုးဆောင်ရွက်ကြပါ။**
- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ပေါက်လာစေရေးအတွက် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသား ပြည်သူများနှင့်အတူ လက်တွဲပါဝင်ဆောင်ရွက်ကြပါ**

ဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ကြေညာ

ထို့နောက် ၂၀၀၅ခုနှစ်အတွက် အကောင်းဆုံး မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)ရရှိကြသည့် အမည်စာရင်းကို အကယ်ဒမီဆုရရှိပြီးသူ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များကကြေညာရာ အကောင်းဆုံး ရုပ်ရှင်ဇာတ်ကား တည်းဖြတ်ဆုကို **ဆဋ္ဌဂံ** ဇာတ်ကားမှ အောင်သွင်ကလည်းကောင်း၊ အကောင်းဆုံး ရုပ်ရှင် အသံထူးချွန်ဆုကို **ကျွန်စစ်မင်း** ဇာတ်ကားမှ ရဲဝင်း(ခေါ်)ရစ်ချက်ရဲဝင်းကလည်းကောင်း၊ အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံဆုကို **မိုးကုပ်စက်ဝိုင်းကိုကျော်လွန်၍** ဇာတ်ကားမှ နိုင်နှရိုန်(ဖထီး)က လည်းကောင်း၊ အကောင်းဆုံး ရုပ်ရှင်တေးဂီတဆုကို **ကျွန်စစ်မင်း** ဇာတ်ကားမှ ခင်မောင်ကြီးကလည်းကောင်း၊ အကောင်းဆုံးရုပ်ရှင် ဇာတ်ညွှန်းဆုကို **ဆဋ္ဌဂံ** ဇာတ်ကားမှ ကြည်စိုးထွန်းကလည်းကောင်း၊ အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုကို **ချစ်ခြင်းဖွဲ့မေတ္တာ** ဇာတ်ကားမှ မြတ်ကေသီအောင်က လည်းကောင်း၊ အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆုကို ဇေရက်ရုပ်ရှင် ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်သည့် **ကျွန်စစ်မင်း** ဇာတ်ကားက လည်းကောင်း၊ အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုကို **ဆဋ္ဌဂံ** ဇာတ်ကားမှ ချမ်းသာကြည်စိုးကလည်းကောင်း၊ အကောင်းဆုံးရုပ်ရှင်ဒါရိုက်တာဆုကို **ဆဋ္ဌဂံ** ဇာတ်ကားရိုက်ကူးသူ ကြည်စိုးထွန်းကလည်းကောင်း၊ အကောင်းဆုံး အမျိုးသမီး ဇာတ်ဆောင်ဆုကို **မိုးကုပ်စက်ဝိုင်းကိုကျော်လွန်၍** ဇာတ်ကားမှ ထွန်းအိန္ဒြာဗိုက လည်းကောင်း၊ အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုကို **ကျွန်စစ်မင်း** ဇာတ်ကားမှ လူမင်းကလည်းကောင်း ရရှိကြောင်းကြေညာပေးကြပြီး ဆုတစ်ခုချင်းအလိုက် အကောင်းဆုံးရုပ်ရှင်ပြကွက်အချို့ကို ကောက်နုတ်ပြသသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၅ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)ရရှိကြသူများအား ရွှေစင်ရုပ်ဆုနှင့်စုပါကော်ဖီမစ်မှချီးမြှင့်သည့် ငွေကျပ်နှစ်သိန်းစီကို တစ်ဦးချင်းသို့ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ၂၀၀၅ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ရရှိကြသူများက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြပြီး ထူးချွန်ဆု ချီးမြှင့်သည့်အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီး

အခမ်းအနားအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ၂၀၀၅ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု)ရရှိကြသည့် ရုပ်ရှင်အနုပညာရှင်များ၊ အတတ်ပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ဘရူနိုင်းဘုရင့်ဖလား အသက်(၂၁)နှစ်အောက် လူငယ်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ မြန်မာလူငယ်အသင်းက ကမ္ဘောဒီးယားလူငယ်အသင်းကို အနိုင်ရရှိ

ရန်ကုန် မတ် ၅

၂၀၀၇ခုနှစ် တတိယအကြိမ် ဘရူနိုင်း ဘုရင့်ဖလား အသက်(၂၁)နှစ်အောက် လူငယ်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ (Hassanal Bolkiah Trophy for U-21 ASEAN Youth Football Championship 2007)ကို ယနေ့ ဒေသစံတော်ချိန် ညဂနာရီတွင် ဘရူနိုင်းနိုင်ငံ ဘန်ဒါဆရီဘီဂါဝမ်မြို့ Kompleks Belapan & Padang ၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏အုပ်စု(ခ)မှ မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းနှင့်ကမ္ဘောဒီးယားနိုင်ငံလူငယ်လက်ရွေးစင်ဘောလုံးအသင်းတို့ အုပ်စုဒုတိယပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြရာ မြန်မာလူငယ်လက်ရွေးစင်အသင်းက ခုနစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အနိုင်ဂိုး

မြန်မာလူငယ်လက်ရွေးစင်အသင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်းမိနစ် ၃၀တွင် စည်သူသန်းက ပထမဂိုးကို လည်းကောင်း၊ ၃၃မိနစ်တွင် အောင်မျိုးသန့်က ဒုတိယဂိုးကို လည်းကောင်း သွင်းယူကြပြီး ပထမပိုင်း အပြီးတွင် မြန်မာလူငယ်အသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ဒုတိယပိုင်း ပြန်လည်ကစားရာ၌ ၁၅မိနစ်တွင် အောင်မျိုးသန့်ကပင် တတိယဂိုးကိုလည်းကောင်း၊ ၂၅မိနစ်တွင် ထူးကျော်က စတုတ္ထဂိုးကို လည်းကောင်း၊ ၂၆မိနစ်နှင့် ၂၈မိနစ်တွင် ပြည့်ဖြိုးဦးက ပဉ္စမဂိုးနှင့် ဆဋ္ဌမဂိုးကို လည်းကောင်း၊ ၄၁မိနစ်တွင် ရဲဝေယံစိုးက သတ္တမဂိုးကို လည်းကောင်း သွင်းယူနိုင်ကြသည်။

အုပ်စု(ခ)မှ အိမ်ရှင်ဘရူနိုင်းနိုင်ငံ လူငယ်လက်ရွေးစင် ဘောလုံးအသင်းက ဖိလစ်ပိုင်နိုင်ငံ လူငယ်လက်ရွေးစင် ဘောလုံးအသင်းကို သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။

မြန်မာလူငယ်အသင်းသည် အုပ်စု(ခ)တွင် နှစ်ပွဲကစား နှစ်ပွဲနိုင် ခြောက်မှတ် ရရှိထားပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခွင့်ရရှိသွားသည်။

မတ် ၇ရက် ဒေသစံတော်ချိန် ည ၈ နာရီတွင် အုပ်စု(ခ)မှ တတိယပွဲစဉ်အဖြစ် မြန်မာလူငယ်ဘောလုံးအသင်းနှင့်အိမ်ရှင်ဘရူနိုင်းနိုင်ငံလူငယ်လက်ရွေးစင်ဘောလုံးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အအေးလျော့မြဲလျော့

၅-၃-၂၀၀၇

နေပြည်တော်	–	**၁၈ ဒီဂရီစင်တီဂရိတ်**
ကျိုင်းတုံ	–	**၁၀ ဒီဂရီစင်တီဂရိတ်**
ပူတာအို	–	**၁၂ ဒီဂရီစင်တီဂရိတ်**
မင်းတပ်	–	**၁၃ ဒီဂရီစင်တီဂရိတ်**
ကလေးဝ	–	**၁၆ ဒီဂရီစင်တီဂရိတ်**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်နေ ဒေါ်လှမြင့်၊ ဒေါ်ကြည်ကြည်နှင့် ဒေါ်ရီရီ ညီအစ်မတစ်စုတို့က မြန်အောင်မြို့နယ် သပြေကုန်းကျေးရွာ ပြည်လုံးချမ်းသာ မဟာမုနိစေတီ ဘက်စုံပြုပြင် မွမ်းမံရန်အတွက် ဖေဖော်ဝါရီ၂၄ ရက်က အလှူငွေကျပ် ငါးသိန်းကို လှူဒါန်းရာ ဂေါပက အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းကြည်နှင့်အဖွဲ့က လက်ခံယူစဉ်။ (က–ပ)

အထက(၁) ဒဂုံ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၅

ရန်ကုန်တိုင်း အထက(၁)ဒဂုံတွင် ၁၉၇၅ ခုနှစ်မှ ၂၀၀၆ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူသွားခဲ့သော ဆရာကြီး ဆရာမကြီးများအား ထိုနှစ်များတွင်ပညာသင်ယူခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒသမ အကြိမ်မြောက် အာစရိယပူဇော်ပွဲကို အဆိုပါကျောင်းရှိ ဒဂုံသီရိခန်းမ၌ မတ် ၂၅ရက် နံနက် ၉နာရီတွင် ကျင်းပပြီး မိတ်ဆုံညစာစားပွဲကို ညနေ ၆နာရီတွင် ရွှေတိဂုံဘုရားမြောက်ဘက်မုခ်ရှိ M-3 Food Centreတွင် ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲသို့ ကျောင်းသူကျောင်းသားများ တက်ရောက်ကြရန်နှင့် အလှူငွေများကို မြတ်စိုးမင်း(Techno Land)ဖုန်း–၀၉–၅၁–၂၆၇၇၅၊ သီရိမာ ဖုန်း–၀၉–၅၀–၂၁၂၄၁၊ မို့မို့ခမ်း ဖုန်း–၀၉–၅၀–၀၁၉၁၁၊ ရဲမျိုးသွင် ဖုန်း–၀၉–၅၁–၂၂၁၆၈၊ စိုးသိန်းထွဋ် ဖုန်း–၀၉–၂၀–၄၄၀၃၅၊ ကေခိုင်လင်း ဖုန်း–၀၉–၅၁–၂၇၂၁၅၊ ချိုလေးလွင် ဖုန်း–၂၄၀၄၈၃၊ မောင်မောင်မိုးအောင် ဖုန်း–၀၉–၅၁–၃၃၄၄၁၊ ဇော်မင်းဦး ဖုန်း–၀၉–၅၀–၀၂၅၇၁၊ ဝင်းစန္ဒာကြီး ဖုန်း–၃၇၅၅၂၆၊ အောင်သူထွန်း ဖုန်း–၀၉–၅၁–၃၂၈၅၁၊ နီလာရဲမြင့် ဖုန်း–၀၉–၉၉–၂၄၄၃၁၊ သာစိုး ဖုန်း–၀၉–၅၁–၄၀၂၁၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ကမ္ဘာတစ်လွှား အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြပွဲ မြင်ကွင်းများမှ

ဇန်နဝါရီ ၁၀ ရက်နေ့တွင် အလုပ်ကိစ္စဖြင့် ဖိလစ်ပိုင်နိုင်ငံ ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်သော စီဘူးမြို့တွင် ကျွန်မရောက်ရှိနေခဲ့သည်။ အရှေ့တောင်အာရှနိုင်ငံများအသင်း၏ ထိပ်သီးအစည်းအဝေး (12th ASEAN Summit) ကို ယခုနှစ်အိမ်ရှင်နိုင်ငံအဖြစ် ဖိလစ်ပိုင်နိုင်ငံတွင် ၂၀၀၇ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့မှ ၁၅ ရက်နေ့အထိ ကျွန်မ ရောက်ရှိခဲ့သော စီဘူးမြို့၌ပင် လက်ခံကျင်းပနေသည်ဟု သိရပါသည်။ မနီလာလေဆိပ်မှလမ်းတစ်လျှောက်နှင့် စီဘူးတစ်မြို့လုံး နေရာအနှံ့တွင် အာဆီယံထိပ်သီးအစည်းအဝေးကို ကြိုဆိုသော ပိုစတာများကို တွေ့ရသည်။ အာဆီယံနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ဝန်ကြီးများအပြင် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများမှ နိုင်ငံအကြီးအကဲများလည်း စီဘူးမြို့တွင် ရောက်ရှိနေခဲ့သည်ဟု သိရသည်။

စီဘူးမြို့သည် အေးချမ်းသာယာသော ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သည့်အားလျော်စွာ မြို့သူမြို့သားများသည် မိမိတို့လုပ်ငန်းများကို စိတ်အေးချမ်းစွာ ရောင်းဝယ်ဖောက်ကားနေသည်ကို တွေ့ရပါသည်။ စည်းကမ်းပြည့်ဝသော၊ အကျင့်သိက္ခာမြင့်မားသော နိုင်ငံသား (Civilized People) များ ဖြစ်သည်ကိုလည်း လေ့လာမိခဲ့ပါသည်။ အာရှတိုက်သားချင်းဖြစ်ရာ နိုင်ငံရပ်ခြား ရောက်နေသည်ဟုပင် မထင်မိဘဲ ကိုယ့်မြန်မာနိုင်ငံမှာပင် ရှိနေသကဲ့သို့ ခံစားရပါသည်။ အာဆီယံ အသွေးအမွေးကလည်း ထပ်တူဖြစ်နေရာ ကျွန်မသည်လည်း ဖိလစ်ပိုင်လူမျိုးများနှင့် တစ်သားတည်း ဖြစ်နေပါသည်။ ရာသီဥတုနှင့် ပတ်ဝန်းကျင် အနေအထား၊ အစားအသောက်အပြင် လူနေမှုပုံစံပါတူနေရာ ကျွန်မနှင့် ဖိလစ်ပိုင်သူငယ်ချင်းများသည် တစ်ခဏအတွင်းမှာပင် ဆွေမျိုးသားချင်းလို ရင်းနှီးသွားခဲ့သည်။

စီဘူးမြို့တွင်းသို့လည်ပတ်ရန် ဖိလစ်ပိုင်လူမျိုး သူငယ်ချင်းနှင့် မြို့ထဲသို့ထွက်ခဲ့သည်။ အာဆီယံအစည်းအဝေး ကျင်းပရာ စီဘူး ကွန်ဗင်းရှင်းစင်တာ (Cebu International Conventional Center) ကို လည်းကောင်း၊ San Pedro ခံတပ်နှင့် Casa Gorordo ပြတိုက်၊ Magellan အထိမ်းအမှတ် အဆောက်အအုံတို့သို့လည်း အလည်ရောက်ခဲ့သည်။ စီဘူးမြို့မှ ဖိလစ်ပိုင်ပင်လယ်အော်ကို မြင်နိုင်ပြီး ပင်လယ်ကူးသင်္ဘောများ၊ ကျွန်းပတ်ကူးတို့ သင်္ဘောများကိုလည်း တွေ့ရသည်။

ဇန်နဝါရီ ၁၂ ရက်နေ့တွင် စီဘူးမြို့မှ စိတ်ဝင်စားဖွယ်နေရာများ ဖြစ်သော Magellan's Cross သို့ လေ့လာရေးသွားရောက်ရန် စီဘူးမြို့လယ်နားအရောက်တွင် တစ်ဖက်လမ်း၌ လမ်းပိတ်မှုကြောင့် ကားများ ပိတ်ဆို့နေသည်ကို တွေ့ရသည်။ ဖိလစ်ပိုင်သူငယ်ချင်းမလေးက ဖိလစ်ပိုင်ပြည်သူများက အရှေ့တောင်အာရှတစ်ခွင်တွင် အမေရိကန်၏ ဝင်ရောက်ခြေရှုပ်နေမှုကို ဆန့်ကျင်သည့် ဆန္ဒပြပွဲဖြစ်ကြောင်း ပြောပြသည်။ အမေရိကန်ရေတပ်စစ်သားက ဖိလစ်ပိုင်အမျိုးသမီးကို အဓမ္မပြုကျင့်သည့်အတွက် မကြာသေးခင်ကပဲ ဆန္ဒပြခဲ့ကြသေးကြောင်း၊ အမေရိကန်စစ်သားများသည် သမ္မတဘုရှ်ထံမှ အဓမ္မပြုကျင့်ရန် လိုင်စင်(Licenced to Rape)ရထားသည့်အတိုင်း မတော်မတရားပြုကျင့်ကြောင်း စသည်ဖြင့် ရှင်းပြသည်။ ဆက်လက်၍ အမေရိကန်စစ်သားတွေဟာ သွေးဆာနေတယ်၊ ဘုရှ်ရဲ့စိတ်ကူးယဉ်ဆန်တဲ့ အမိန့်တွေကြောင့်ပဲ မခံမရပ်နိုင်ဖြစ်နေတဲ့ ပြည်သူတွေရဲ့ အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြပွဲများကို ကမ္ဘာအနှံ့မှာ တွေ့နိုင်မှာဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံမှာတောင် အမေရိကန်ပြည်သူတွေကိုယ်တိုင်က ဘုရှ်အစိုးရကို ဆန့်ကျင်ဆန္ဒပြနေတာ မြင်တွေ့နိုင်ကြောင်း၊ လွန်ခဲ့သည့်နှစ်က အမေရိကန်တပ်သားတစ်ယောက် ဆူဘစ်ပင်လယ်ဝဆိပ်ကမ်း (Subic Bay Port) တွင် ဖိလစ်ပိုင်အမျိုးသမီးကို အဓမ္မပြုကျင့်သည့်အတွက် အမေရိကန်ရေတပ်နှင့် အမေရိကန်နိုင်ငံကို ဆန့်ကျင်သည့် ဆန္ဒပြပွဲတွင် သူလည်းပါဝင်ခဲ့သေးကြောင်း ဖိလစ်ပိုင်သူငယ်ချင်းမလေးက သူ၏ အတွေ့အကြုံကို ပြောပြခဲ့သည်။

ဖိလစ်ပိုင် ပြည်သူများ ဆန္ဒပြ

ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့၌ ဖိလစ်ပိုင်ပြည်သူများ အမေရိကန် ဆန့်ကျင်ရေး ဆန္ဒပြကြစဉ်။

ဆန္ဒပြသူများနှင့် နီးလာသောအခါ အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်၏ရုပ်ပုံများကို ပြုလုပ်၍လည်းကောင်း၊ ပိုစတာများ၊ အလံများကို ကိုင်ဆောင်၍လည်းကောင်း၊ ဘင်ခရာများ၊ ရိုးရာတူရိယာများ တီးခတ်၍လည်းကောင်း၊ အဖွဲ့လိုက်ချိတ်ထားသည့် ပိုစတာတွင် "US Out of South East Asia"၊ "US:War of terror"၊ "Bush: War Criminal" စသည့် ပိုစတာများကိုင်ဆောင်ထားပြီး "US Out of South East Asia" ဟု လက်သီးလက်မောင်းတန်းလျက် တညီတညာတည်း ကြွေးကြော်ဆန္ဒပြနေသည်ကို တွေ့ခဲ့ရသည်။ လမ်းဘေးမှ ရပ်ကြည့်နေသူများကလည်း လက်ခုပ်တီး၍ အားပေးကြသည်ကို တွေ့ရသည်။ မနီလာမြို့လယ်ရှိ အမေရိကန်သံရုံးရှေ့တွင် အမေရိကန်အလံကိုမီးရှို့၍ ဖိလစ်ပိုင်လူမျိုးတို့၏ ရင်တွင်းဆန္ဒများကို ထုတ်ဖော်ဆန္ဒပြခဲ့ကြသည်ဟု သိရသည်။

အာဆီယံအစည်းအဝေးသို့ တက်ရောက်နေကြသည့် အာဆီယံနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် ဆွေးနွေးဖက်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များအား ဖိလစ်ပိုင်လူမျိုးတို့၏ အမေရိကန်နိုင်ငံအပေါ် သဘောထားကို လှစ်ဟပြလိုက်သည့်ပွဲဟုလည်း ဆိုနိုင်ပါသည်။ လုံခြုံရေးတင်းကျပ်စွာ ချထားသည့်ကြားမှ ဖိလစ်ပိုင်လူမျိုးများသည် "အရှေ့တောင်အာရှမှ အမေရိကန်ထွက်သွား"ဟု လှိုက်လှိုက်လှဲလှဲ ဟစ်အော် တောင်းဆိုနေကြသည်။ ကျွန်မတို့ အာဆီယံမောင်နှမ အချင်းချင်း ကိုယ်ချင်းစာမိပါသည်။ အမေရိကန်၏ သူတစ်ပါးနိုင်ငံရေး ဝင်ရောက်စွက်ဖက်မှု၊ လူလူချင်း ကိုယ်ချင်းစာတရားခေါင်းပါးမှု၊ လူပေါ်လူဖော်လုပ်မှု၊ အကြားဖြင့် အမြင်ကို လျစ်လျူရှုမှု၊ ဆရာကြီးလုပ်လိုစိတ်ဖြင့် သူတစ်ပါးအား ချိုးနှိမ်ဆက်ဆံမှုတို့သည် ကမ္ဘာအနှံ့ ကြားနေရသော သတင်းများဖြစ်သည်။ ပြည်သူများ၏ မခံမရပ်နိုင်တော့သော ပေါက်ကွဲထွက်သံများသည် ယခုအခါ ကမ္ဘာအနှံ့တွင် အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြပွဲများအဖြစ် အသွင်ပြောင်းသွားကြတော့သည်။

ညနေတည်းခိုခန်းကို ပြန်ရောက်တော့ TV မှ လွှင့်နေသည့် သတင်းများကလည်း အီရတ်တွင် အမေရိကန်ဆန့်ကျင်ဆန္ဒပြပွဲများနှင့် အမေရိကန်ပြည်သူများ၏ စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲများပင် ဖြစ်နေပြန်သည်။ ၂၀၀၃ခုနှစ်က အီရတ်တွင် အဖျက်စွမ်းအားပြင်း လက်နက် (WMD) များ ရှိနေသည်ဟူသော CIA ၏ လုပ်ကြံသတင်းများကို အခြေခံ၍ အမေရိကန်အပါအဝင် ကမ္ဘာကြီးကို ခြိမ်းခြောက်နေပြီဟု စွပ်စွဲကာ အီရတ်ကို ကျူးကျော်ဝင်ရောက်ခဲ့သည်။ ယခုအခါ အီရတ်စစ်ပွဲကြောင့် အမေရိကန်အစိုးရအား အကြည်အညိုပျက်လာသည်နှင့်အမျှ စစ်စရိတ်ကုန်ကျမှုများကို ကျခံနေရသော အမေရိကန်အခွန်ထမ်း ပြည်သူများ၏ ဆန္ဒပြပွဲများကို အမေရိကန်လမ်းမများပေါ်တွင် မြင်တွေ့နေရသည်။

ကမ္ဘာတစ်ဝန်း အမေရိကန်၏ ဝင်ရောက်ခြယ်လှယ်မှုများကိုလည်း နိုင်ငံတကာစာမျက်နှာများ၊ နိုင်ငံတကာလေလှိုင်းများ၊ နိုင်ငံတကာဝက်ဘ်ဆိုက်များ၊ အပြည်ပြည်ဆိုင်ရာ ဒေါ့ကွန်းများတွင် မြင်တွေ့နေကြပြီ ဖြစ်သည်။ အာရှနိုင်ငံများ၊ အရှေ့အလယ်ပိုင်းဒေသများတွင် အင်အားသုံးကာ အမှားကိုအမှန်၊ အရှိကို မရှိလုပ်၍ အမေရိကန်အစိုးရက ဗိုလ်ကျစိုးမိုးရေးဝါဒ ကျင့်သုံးလျက် ကြိုးပမ်းနေသည်ကို မည်သူကမျှ လက်မခံကြောင်းကို ကမ္ဘာအရပ်ရပ်မှ အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြပွဲများက သက်သေခံလျက်ရှိနေပေသည်။

အမေရိကန်နိုင်ငံသည် နှစ်ပေါင်း ၁၁၁နှစ်အတွင်း စစ်ရေးကျူးလွန်မှု ၁၃၄ကြိမ် ပြုလုပ်ခဲ့သည်ဟု "အမေရိကန်ကို လူတွေဘာလို့မုန်း" (Why do people hate America ?) စာအုပ်၌ ဖော်ပြထားသည်။ ထိုစာအုပ်သည်လည်း လူကြိုက်များသော ရောင်းအကောင်းဆုံးစာအုပ်ဖြစ်လာခဲ့သည်။ ထို့ပြင် BBC သတင်းဌာန၏ စစ်တမ်းများအရ အမေရိကန်နိုင်ငံ၏ ကမ္ဘာ့နိုင်ငံများအပေါ် ထားရှိသည့်မူဝါဒများကို ထောက်ခံသူဦးရေ ကျဆင်းလာသည်ဟု သိရပါသည်။ **အမေရိကန်နိုင်ငံအား ထောက်ခံမှုမှာ ၂၀၀၅ခုနှစ်တွင် ၄၀ရာခိုင်နှုန်းရှိခဲ့ပြီး၊ ၂၀၀၆ခုနှစ်တွင် ၃၆ရာခိုင်နှုန်း၊ ၂၀၀၇ခုနှစ်တွင် ၂၇ရာခိုင်နှုန်းဖြင့် ထောက်ခံမှု တဖြည်းဖြည်းလျော့နည်းလာသည်ကို တွေ့ရသည်။ အမေရိကန်နိုင်ငံအား ဆန့်ကျင်မှုရာခိုင်နှုန်းမှာမူ ၂၀၀၅ ခုနှစ်တွင် ၄၆ရာခိုင်နှုန်း၊ ၂၀၀၆ခုနှစ်တွင် ၄၇ရာခိုင်နှုန်းနှင့် ၂၀၀၇ခုနှစ်တွင် ၄၉ရာခိုင်နှုန်းခန့် ရှိလာသဖြင့် အမေရိကန်နိုင်ငံ၏ မူဝါဒများကို လူကြိုက်နည်းမှု တဖြည်းဖြည်းများလာသည်ကို တွေ့ရသည်။**

ကျွန်မရန်ကုန်ပြန်ရောက်သည့် ဇန်နဝါရီ၃၁ရက်မှ ဖေဖော်ဝါရီ ၂ရက်နေ့အထိ အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးရှေ့မှာ ဆန္ဒပြနေသည်ကို တွေ့ရပြန်သည်။ အကြောင်းရင်းကို စောကြောမိသောအခါ အမေရိကန်သည် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို သူတို့စိတ်ကြိုက် ခြယ်လှယ်နိုင်ရန် ကုလသမဂ္ဂကို အသုံးချနေသောကြောင့် ပြည်သူများက မခံမရပ်နိုင်ဖြစ်ပြီး ပြည်သူ့ဆန္ဒသဘောထားကို ဖော်ထုတ်ပြခြင်းဖြစ်ကြောင်း တွေ့ရသည်။ ဂျပန်နိုင်ငံရှိ မြန်မာနိုင်ငံချစ်ခင်သူများအသင်းကလည်း အမေရိကန်နှင့် ဗြိတိန်တို့၏ မူမမှန်သည့် လုပ်ရပ်ကို မခံမရပ်နိုင်ဖြစ်ကြသည့်အတွက် အမှန်တရားဘက်မှ ရပ်တည်ကာ ၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် တိုကျိုမြို့ရှိ ဗြိတိန်သံရုံးရှေ့၌လည်းကောင်း၊ အမေရိကန်သံရုံးရှေ့၌လည်းကောင်း ဆန့်ကျင်ကန့်ကွက် ဆန္ဒပြခဲ့ကြကြောင်း သိရသည်။ ထို့အပြင် အမေရိကန်နှင့် ဗြိတိန်တို့အနေဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်းတင်သွင်းမှု နောက်ထပ် မပြုလုပ်ရန် တောင်းဆိုထားသည့်စာများကိုလည်း အဆိုပါ သံရုံးအသီးသီးသို့ ပေးအပ်ခဲ့သည်ဟု သိရသည်။

"မြန်မာနိုင်ငံအား ကျွန်ုပ်တို့ချစ်သည်" ("We Love Myanmar")၊ "မြန်မာ့အရေးကိစ္စကို မြန်မာပြည်သူများကိုသာ ဆုံးဖြတ်ခွင့်ပေးပါ" ("Let Myanmar Decide their fate")၊ "ဒီမိုကရေစီသည် ပြည်ပပို့ကုန်မဟုတ်" ("Democracy is not an export commodity")၊ "ကုလသမဂ္ဂလုံခြုံရေးကောင်စီကို ရုပ်သေးရုပ်လို ခုတုံးလုပ် အသုံးမချပါနဲ့"("Don't make UNSC your puppet")၊ "မြန်မာနိုင်ငံအတွက် လိုအပ်နေသည်မှာ ဖိအားပေးမှုမဟုတ်ပါ၊ နားလည်သဘောပေါက်မှုသာ ဖြစ်သည်" ("Myanmar needs not pressure, but understanding")၊ "ဘားမားမဟုတ်ပါ၊ မြန်မာဟု ခေါ်ပါ" ("Not Burma. But Myanmar") စသည့် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော ကြွေးကြော်သံပိုစတာများကို ကိုင်ဆောင် ဆန္ဒပြခဲ့ကြသည်။

၂၀၀၆ခုနှစ် စက်တင်ဘာ ၁၅ရက်နေ့၌ ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံ၏အခြေအနေ(Situation of Myanmar) ခေါင်းစဉ်ဖြင့် လုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့် အစီအစဉ်တွင် ထည့်သွင်းရန် အမေရိကန်က အဆိုပြုခဲ့သည်။ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအပါအဝင် ကန့်ကွက်သည့်နိုင်ငံ လေးနိုင်ငံ၊ မဲမပေးဘဲနေသော နိုင်ငံ တစ်နိုင်ငံ၊ ထောက်ခံသော နိုင်ငံ ၁၀နိုင်ငံတို့၏မဲဖြင့် အတည်ပြုခဲ့သည်။ **၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်ယာယီသံအမတ်ကြီးက အမေရိကန်နှင့် ဗြိတိန်တို့**

ဒေါက်တာအေ

ပူးပေါင်းပြုစုသည့် မြန်မာနိုင်ငံအပေါ် ကုလသ
အရေးယူဆောင်ရွက်ရေး ဆုံးဖြတ်ချက်မူကြမ်
တင်သွင်းခဲ့သည်။ ဇန်နဝါရီလ ၁၂ ရက်နေ့
ကောင်စီ၌ ဆွေးနွေးကြရာ တရုတ်ပြည်သ
ဖက်ဒရေးရှင်းနိုင်ငံတို့မှ ၁၉၇၂ခုနှစ်ကတည်
သေးသော Double Veto ဖြင့် ပယ်ချခဲ့ပါ
နိုင်ငံက ကန့်ကွက်ခဲ့ပြီး ကာတာ၊ ကွန်ဂိုနှင့်
ကြားနေပေးခဲ့ပြီး နိုင်ငံပေါင်း ၁၁၈ နိုင်
ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီး (Non-A
မြန်မာနိုင်ငံကိုယ်စား ကုလသမဂ္ဂလုံခြုံရေ
စာရေးသား၍ ကန့်ကွက်ခဲ့ပါသည်။

ထို့ပြင် နိုင်ငံတကာမှ ခေါင်းဆောင်
ခဲ့သော အောက်ပါစကားရပ်များအရ မြန်မ
ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်ခြ
နိုင်ငံက မဟုတ်မမှန် လုပ်ကြံစွပ်စွဲလိုက်
ထင်ထင်ရှားရှား တွေ့ရမည်ဖြစ်သည်–

"မြန်မာ့အရေးမှာ အချုပ်အခြာအာ
ပြည်တွင်းရေးသာ ဖြစ်သည်။"

(ကုလသမဂ္ဂဆိုင်ရာ တ
သံအမတ်ကြီး
၁၂-၁-၂၀၀၇၊ U

"မြန်မာ့ပြည်တွင်းရေးသည် နိုင်ငံတက
ရာမရောက်။"

(ကုလသမဂ္ဂဆိုင်ရာ တ
သံအမတ်ကြီး
၁၂-၁-၂၀၀၇၊ U

အမေရိကန် ဆန့်ကျင်ရေး ဆန္ဒပြ

ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့၌ ဖိလစ်ပိုင်ပြည်သူများ အမေရိကန် ဆန့်ကျင်ရေး ဆန္ဒပြကြစဉ်။



"မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိ
လုံခြုံရေးကောင်စီနှင့် မသက်ဆိုင်ပါ။"

(ကုလသမဂ္ဂဆိုင်ရာ ရုရှားဖက်ဒရေ
Mr.Vitaly Churkin၊ ၁၂-၁-၂၀၀၇၊ U

"မြန်မာ့အိမ်နီးချင်းနိုင်ငံများနှင့် နိုင်
နိုင်ငံတော်တော်များများက မြန်မာနိုင်ငံအ
တွင်းနှင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ ငြိမ်းချ
ယုံကြည်ထားကြသည်။"

(တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊
ပြောခွင့်ရပုဂ္ဂိ
Myanma
threat to int'l peace, se

မြင်ကွင်းများမှ ဖြစ်ပေါ်လာသောဆန္ဒ

ဒေါက်တာချော

ပူးပေါင်းပြုစုသည့် မြန်မာနိုင်ငံအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူဆောင်ရွက်ရေး ဆုံးဖြတ်ချက်မူကြမ်းကို လုံခြုံရေးကောင်စီသို့ တင်သွင်းခဲ့သည်။ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေး ကောင်စီ၌ ဆွေးနွေးကြရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှား ဖက်ဒရေးရှင်းနိုင်ငံတို့မှ ၁၉၇၂ခုနှစ်ကတည်းက ယနေ့အထိ မကြုံဖူး သေးသော Double Vetoဖြင့် ပယ်ချခဲ့ပါသည်။ တောင်အာဖရိက နိုင်ငံက ကန့်ကွက်ခဲ့ပြီး ကာတာ၊ ကွန်ဂိုနှင့် အင်ဒိုနီးရှားနိုင်ငံတို့က ကြားနေပေးခဲ့ပြီး နိုင်ငံပေါင်း ၁၁၈ နိုင်ငံဖြင့် ဖွဲ့စည်းထားသော ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီး (Non-Aligned Movement)မှ မြန်မာနိုင်ငံကိုယ်စား ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဥက္ကဋ္ဌထံသို့ စာရေးသား၍ ကန့်ကွက်ခဲ့ပါသည်။

ထို့ပြင် နိုင်ငံတကာမှ ခေါင်းဆောင်များ တရားဝင်ပြောကြားခဲ့သော အောက်ပါစကားရပ်များအရ မြန်မာနိုင်ငံသည် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်ခြင်းမဟုတ်ဘဲ အမေရိကန်နိုင်ငံက မဟုတ်မမှန် လုပ်ကြံစွပ်စွဲလိုက်ခြင်းသာ ဖြစ်သည်ကို ထင်ထင်ရှားရှား တွေ့ရမည်ဖြစ်သည်–

"မြန်မာ့အရေးမှာ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခု၏ ပြည်တွင်းရေးသာ ဖြစ်သည်။"

(ကုလသမဂ္ဂဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Wang Guangya ၁၂–၁–၂၀၀၇၊ UN Security Council)

"မြန်မာ့ပြည်တွင်းရေးသည် နိုင်ငံတကာလုံခြုံရေးကို ခြိမ်းခြောက်ရာမရောက်။"

(ကုလသမဂ္ဂဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr.Wang Guangya ၁၂–၁–၂၀၀၇၊ UN Security Council)

"ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့် အစီအစဉ်တွင် ထည့်သွင်းခြင်း၊ အရေးယူဆောင်ရွက်ရန် ဆုံးဖြတ်ချက်မူကြမ်းကို တင်သွင်းခြင်းသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီအား ဘောင်ကျော်လုပ်ဆောင်လာခြင်းဖြစ်သည်။"

(ကုလသမဂ္ဂဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Wang Guangya ၁၂–၁–၂၀၀၇၊ UN Security Council)

"မြန်မာနိုင်ငံသည် နိုင်ငံတကာအသိုင်းအဝိုင်း၏ ငြိမ်းချမ်းရေးကို ခြိမ်းခြောက်ရာမရောက်ဟု အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)က တညီတညွတ်တည်း သဘောတူလိုက်သည်။"

(အာဆီယံဝန်ကြီးများအစည်းအဝေး၊ (၁၂)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၊ ဖိလစ်ပိုင်နိုင်ငံ၊ စီဘူးမြို့၊ ၁၁–၁–၂၀၀၇)

"အာဆီယံနိုင်ငံများ အစည်းအဝေးကပင် မြန်မာ့အရေးကိစ္စသည် နိုင်ငံတကာလုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို မခြိမ်းခြောက်ပါဟု ပြောကြားခဲ့ပြီးဖြစ်သည်။"

(ကုလသမဂ္ဂဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr.Wang Guangya ၁၂–၁–၂၀၀၇၊ UN Security Council)

"မြန်မာ့အရေးကိစ္စသည် လုံခြုံရေးကောင်စီမှ ဆုံးဖြတ်ရန် မဆီလျော်၊ မသင့်လျော်ပါ။"

(ကုလသမဂ္ဂဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံအမတ်ကြီး Mr. Rezlan Jenie၊ ၁၇–၁–၂၀၀၇)

"မြန်မာနိုင်ငံသည် ဒေသတွင်းနှင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်နေသည် ဆိုသည်မှာ လုံးဝမမှန်ကန်ပါ။ ဘက်မလိုက်အဖွဲ့ကြီးက ထိုသို့မယူဆပါ။"

(ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ ဥက္ကဋ္ဌ Mr. Hamidon Ali မှ ၁၀–၂–၂၀၀၆ ကုလသမဂ္ဂလုံခြုံရေးကောင်စီဥက္ကဋ္ဌ Mr. Jean-Mare de la Sablieva ထံ စာရေးသားပေးပို့ချက်)

"မြန်မာနိုင်ငံအပေါ် အမေရိကန်နိုင်ငံ၏ တစ်ဖက်သတ်ဆုံးဖြတ်ချက်မူကြမ်းကို အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ကျေနပ်မှုမရှိပါ။"

အမေရိကန် ဆန့်ကျင်ရေး ဆန္ဒပြ

ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့၌ ဖိလစ်ပိုင်ပြည်သူများ အမေရိကန် ဆန့်ကျင်ရေး ဆန္ဒပြကြစဉ်။

"မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စရပ်သည် ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် မသက်ဆိုင်ပါ။"

(ကုလသမဂ္ဂဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး Mr.Vitaly Churkin၊ ၁၂–၁–၂၀၀၇၊ UN Security Council)

"မြန်မာ့အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းရှိ နိုင်ငံတော်တော်များများက မြန်မာနိုင်ငံအခြေအနေသည် ဒေသတွင်းနှင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ ငြိမ်းချမ်းရေးကို မခြိမ်းခြောက်ဟု ယုံကြည်ထားကြသည်။"

(တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် Mr. Liu Jianchao Myanmar's Situation poses no threat to int'l peace, security၊ ၁၃–၁–၂၀၀၇)

(အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဟောင်း Mr. Ali Alatas ဘီဘီစီအသံလွှင့်ဌာန၏ မေးမြန်းချက်ကို အခိုင်အမာ ဖြေကြားခြင်း။ ၉–၁–၂၀၀၇)

"တောင်အာဖရိကသည် လူ့အခွင့်အရေးကိစ္စရပ်များကို စိတ်ဝင်တစားရှိပါသည်။ မြန်မာနိုင်ငံ၏ အခြေအနေသည် ကမ္ဘာ့ ငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေသည် မဟုတ်ပါ။ ထို့ကြောင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ ဝင်ရောက်စွက်ဖက်ရန် လုံလောက်သော အကြောင်းပြချက်မဟုတ်။"

(တောင်အာဖရိကနိုင်ငံ၊ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Aziz Pahed "Asia Observer: Why SA voted no on Myanmar ?" ၁၇–၁–၂၀၀၇)

"မြန်မာနိုင်ငံအရေးကိစ္စသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ ဝင်ရောက်လုပ်ဆောင်ရန်ကိစ္စ မဟုတ်ပါ။"

(ကုလသမဂ္ဂဆိုင်ရာ တောင်အာဖရိကနိုင်ငံသံအမတ်ကြီး၊ Mr. Dumisani Kutnalo၊ ၁၇–၁–၂၀၀၇)

"မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံသည် ဒေသတွင်းလုံခြုံရေးကို ခြိမ်းခြောက်သည်ဟု မယူဆကြပါ။"

(ကာတာနိုင်ငံ အမြဲတမ်းကိုယ်စားလှယ် H.E. Mr. Sergey Lavrov UNSC 5526th Meeting (SC/8832) 15-9-2006)

"အာဂျင်ဒါတွင် ပါဝင်သော မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး ချိုးဖောက်မှုဟူသည့် ဖော်ပြချက်သည် ယနေ့နိုင်ငံတိုင်းတွင် ကြုံတွေ့နေရသော ကိစ္စရပ်မျိုးသာဖြစ်သည်။"

(ကုလသမဂ္ဂဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့မှ Mr. Liu Jianchao UNSC 5526th Meeting(SC/8832) 15-9-2006)

"ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် မိမိ၏လုပ်ပိုင်ခွင့်ထက် စည်းကျော်၍ မြန်မာနိုင်ငံ၏ အရေးအား ဝင်ရောက်ဆောင်ရွက်ခြင်းကို ရုရှားကိုယ်စားလှယ်အနေဖြင့် ကန့်ကွက်ပါသည်။"

(ကုလသမဂ္ဂဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး Mr. Vitaly Churkin၊ ၁၂–၁–၂၀၀၇ ၊ UNSC)

ထိုသို့ အိမ်နီးချင်းနိုင်ငံများ၊ အမှန်တရားဘက်မှရပ်တည်သည့် နိုင်ငံများက မြန်မာ့အရေးသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်ခြင်းမရှိဟု မှန်မှန်ကန်ကန် ရှုမြင်သုံးသပ်လျက်ရှိနေသော်လည်း တည်နေရာကုန်းမြေ တစ်ဆက်တစ်စပ်တည်းပင် မရှိသော၊ မိုင်ပေါင်းကုဋေကုဋာ ကွာဝေးစွာတည်ရှိသော အမေရိကန်က မြန်မာနိုင်ငံသည် နိုင်ငံတကာလုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေသည်ဟု ပြောနေခြင်းမှာ ယုတ္တိမတန်ပါ။

ကျွန်မတို့မြန်မာနိုင်ငံတွင် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ် ပေါ်ထွန်းစေရန် အစိုးရနှင့်ပြည်သူ ကြည်ကြည်ဖြူဖြူ အသွင်တူစွာ ကြိုးပမ်းနေကြပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၊ တိုးတက်မှုများကို ခန့်မှန်းစွပ်စွဲ ပြောကြားနေခြင်းများအား ရပ်တန့်ပြီး ကျွန်မတို့နိုင်ငံကို မျက်မြင် ဒိဋ္ဌကြည့်နိုင်၊ မြင်နိုင်၊ အမှန်တရားကို လက်တွေ့ပြောနိုင်ရန် တစ်ခါတစ်ခေါက်လာရောက်လှည့်ရန် ဖိတ်ခေါ်လိုက်ပါသည်။ ကျွန်မ ကိုယ်ပိုင်အမြင်ဖြင့် ပြောရလျှင် အမေရိကန်နိုင်ငံ၏ ဒီမိုကရေစီရေး အကြောင်းပြကာ စွက်ဖက်ရေးမူဝါဒကို ပြုပြင်သင့်ပြီဟု ပြောလိုပါသည်။

အချုပ်ဆိုရလျှင် ကမ္ဘာပေါ်ရှိ အချုပ်အခြာအာဏာပိုင် နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့်၊ လိုက်နာကျင့်သုံးနေသည့် မူဝါဒများ၊ သက်ဆိုင်ရာ ယဉ်ကျေးမှု၊ သမိုင်းအစဉ်အလာများလည်း ရှိကြပါသည်။ ထိုသို့သောအခြေခံများကို မသိရှိ နားမလည်ဘဲ (သို့မဟုတ်) အလေးဂရုမပြုဘဲ (သို့မဟုတ်) လျစ်လျူရှုထားလျက် ၎င်းတို့သတ်မှတ်ထားသော စံနှုန်းဖြင့် တိုင်းတာနေမည်ဆိုပါက နည်းလမ်းမကျပါ။ ဒီမိုကရေစီ၏ အဓိပ္ပာယ်ကပင်လျှင် လူအများစု၏ ဆန္ဒသဘောထားကို လိုက်လျောရသကဲ့သို့ လူနည်းစု၏သဘောထားကိုလည်း လေးစားအသိအမှတ်ပြုရသည့် သဘောသဘာဝရှိပါသည်။ သို့ဆိုလျှင် ကမ္ဘာတစ်ဝန်း၏ လမ်းမများပေါ်မှ အမေရိကန်ဆန္ဒပြသူများ၏ ဆန္ဒသဘောထားကို မည်သို့သဘောထားပါသနည်း။ နိုင်ငံပေါင်း ၁၉၂နိုင်ငံပါဝင်သော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ဆန္ဒကို မည်သို့ လိုက်လျောပါမည်နည်း။

အမေရိကန်အစိုးရ၏ ဖြေရှင်းချက်ကို ကမ္ဘာသူ၊ ကမ္ဘာသားများနှင့်အတူ ကျွန်မတို့ စောင့်မျှော်နေကြပါသည်။ ။

ကျွန်မတို့မြန်မာနိုင်ငံတွင် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ် ပေါ်ထွန်းစေရန် အစိုးရနှင့်ပြည်သူ ကြည်ကြည်ဖြူဖြူ အသွင်တူစွာ ကြိုးပမ်းနေကြပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၊ တိုးတက်မှုများကို ခန့်မှန်းစွပ်စွဲ ပြောကြားနေခြင်း များအား ရပ်တန့်ပြီး ကျွန်မတို့နိုင်ငံကို မျက်မြင်ဒိဋ္ဌ ကြည့်နိုင်၊ မြင်နိုင်၊ အမှန်တရားကို လက်တွေ့ပြောနိုင် ရန် တစ်ခါတစ်ခေါက် လာရောက်လှည့်ရန် ဖိတ်ခေါ် လိုက်ပါသည်။

❒ *ကျောက်ဖုံးမှ*

မှာကြား

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် တံတားတည်ဆောက်ခြင်း လုပ်ငန်းခွင်သို့ သွားရောက်၍ တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဖားတစ်ရှဉ်းတံတား

ယင်းဖားတစ်ရှဉ်းတံတားသည် မြန်အောင်ဘူတာနှင့် ကြံခင်းဘူတာအကြား မိုင်တိုင် ၁၇၂/၁၄-၁၅ တွင် တည်ရှိသည်။ တံတားအရှည် ၄၆၉ ပေရှိပြီး ကမ်းကပ်ခုံနှစ်ခုနှင့် ရေလယ်တိုင် ခြောက်ခုပါဝင်သည်။ တံတားသည် ရထားကူးတံတား အမျိုးအစားဖြစ်သော်လည်း တန်ချိန် ၃၀အထိရှိသော ကားများပါ ဖြတ်သန်းသွားလာနိုင်ရန် သစ်သားကြမ်းခင်းဖြင့် တည်ဆောက်လျက်ရှိသည်။

ဖြည့်ဆည်းပေး

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ကြံခင်းမြို့နယ်ရှိ ကြံခင်းနှင့် ပန်းရန်စုအကြား ကားလမ်းကူးနေရာ၌ မြေသားတာပေါင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း၊ ကြံခင်းနှင့် အုတ်ပုံလမ်းဆုံအကြား ဘက်ရဲဘူတာအဝင်လမ်းနှင့် ဘူတာရုံတည်ဆောက်ရန် မြေနေရာပြုပြင် ပြီးစီးမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်း ပန်းတောင်းမြို့နယ်ရှိ ဝေါချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်း ဝေါချောင်းတံတားသည် ပေ၄၆၀ ရှည်လျား၍ ကမ်းကပ်ခုံနှစ်ခုနှင့် ရေလယ်တိုင် ခုနစ်ခုပါရှိကာ ကြိုတင်အားဖြည့် ကွန်ကရစ်တံတားပေါင်သုံး သံကူကွန်ကရစ် အမျိုးအစားတံတားဖြစ်ပြီး ဝေါချောင်းအား ဖြတ်သန်းတည်ဆောက်ထားခြင်း ဖြစ်သည်။

လုပ်ငန်းခွင်ရောက်ရှိ

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ကွင်းလုလမ်းဆုံ၌ မြန်မာ့ မီးရထားက ပြုလုပ်လျက်ရှိသော ကြိုတင်အားဖြည့် ကွန်ကရစ်တံတားပေါင် ထုတ်လုပ်ရေးလုပ်ငန်းခွင်သို့ရောက်ရှိသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ပန်းတောင်းမြို့နယ် သူရဲတန်းနှင့် ပြင်ကြီးအကြားရှိ သူရဲတန်းချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ သူရဲတန်းချောင်းတံတားသည် ပေ ၁၃၂၀ ရှည်လျားပြီး ကမ်းကပ်ခုံ နှစ်ခုနှင့် ရေလယ်တိုင် ၁၉ ခု ပါဝင်ပြီး ကြိုတင်အားဖြည့် ကွန်ကရစ်တံတားပေါင်သုံး သံကူကွန်ကရစ်အမျိုးအစားဖြစ်ကာ သူရဲတန်းချောင်းအား ဖြတ်သန်း တည်ဆောက်ခြင်းဖြစ်သည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့သည် ကျောက်ဖူးချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ကျောက်ဖူးချောင်းတံတားသည် ၆၀၂ ပေ ခြောက်လက်မ ရှည်လျားပြီး ကမ်းကပ်ခုံနှစ်ခုနှင့် ရေလယ်တိုင် ကိုးခုပါရှိကာ ကြိုတင်အားဖြည့် ကွန်ကရစ်တံတားပေါင်သုံး သံကူကွန်ကရစ် အမျိုးအစားဖြစ်၍ ကျောက်ဖူးချောင်းအား ဖြတ်သန်းတည်ဆောက်ထားခြင်းဖြစ်သည်။

ကြံခင်း-ဥသျှစ်ပင်လမ်းပိုင်း

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ကြံခင်း-ပခုက္ကူရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း ကြံခင်း-ဥသျှစ်ပင် လမ်းပိုင်းစီမံကိန်းရုံးသို့ ရောက်ရှိသည်။

ပိုမိုဖွံ့ဖြိုးရေး

ဝန်ကြီးက နိုင်ငံတော်အကြီးအကဲက ဧရာဝတီအနောက်ဘက်ခြမ်းဒေသများ ပိုမိုဖွံ့ဖြိုး တိုးတက်စေရေး အတွက် ကြံခင်း-ပခုက္ကူ ရထားလမ်းသစ်ကို ဖောက်လုပ်ရန် လမ်းညွှန်ခဲ့ကြောင်းနှင့် လမ်းနှင့် တံတားများ သတ်မှတ်ချိန်အမီ ပြီးစီးနိုင်ရေးကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ကြိုးပမ်းဆောင်ရွက်

ကြံခင်း-ဥသျှစ်ပင်လမ်းပိုင်းသည် စုစုပေါင်း မိုင် ၄၀ ရှည်လျားပြီး ဧရာဝတီတိုင်းအတွင်း ၁၄ ဒသမ၅ မိုင်နှင့် ပဲခူးတိုင်းအတွင်း ၂၅ ဒသမ ၅ မိုင်ရှိသည်။ တံတားကြီးငယ် စုစုပေါင်း အစင်း ၁၂၀ နှင့် ဘူတာခြောက်ခု ပါရှိပြီး သတ်မှတ်ရက်အမီ ပြီးစီးနိုင်ရေး မြန်မာ့မီးရထားဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၃-၂၀၀၇ (အင်္ဂါနေ့)

၇း၀၀ MRTV-4 အဖွင့် Logo
ယနေ့အစီအစဉ်
၇း၀၅ ဣန္ဒြိယသံဝရတရားတော်
[ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဘဒ္ဒန္တ ဇနကာဘိဝံသ (ချမ်းမြေ့ဆရာတော်)]
၇း၄၅ Sunday Talk
၈း၄၀ တေးဂီတအစီအစဉ်
၈း၄၅ မြန်မာလူမျိုးတင့်စေဖို့ မြန်မာစာပေမြှင့်တင်စို့
၉း၀၅ တေးဂီတအစီအစဉ်
၉း၁၀ ပြည်တွင်းသတင်းအကျဉ်း
၉း၂၀ Music Gallery(ဂူဂူး)
၉း၄၅ သာခုခေါ်စေမည့် ဒါနပါရမီ
၁၀း၀၀ တေးဂီတအစီအစဉ်
၁၀း၀၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၀ အရိပ်ကောင်း၏ အေးမြရှင်သန်ခြင်းအလှ
၁၀း၂၅ မိုးလေဝသခန့်မှန်းချက်
၁၀း၃၀ မျက်စိအတွင်းတိမ် ရောဂါ အကြောင်း သိကောင်းစရာ (ဒေါက်တာထွန်းအောင်ကျော်)
၁၀း၅၀ တေးဂီတအစီအစဉ်
၁၀း၅၅ အရုဏ်ဦး၏အလှများ
၁၁း၁၅ ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၅ တေးဂီတအစီအစဉ်
၁၁း၃၀ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှ အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် မောင်မြန်မာ၊ မယ်မြန်မာပြိုင်ပွဲ
၁၂း၁၅ တေးဂီတအစီအစဉ်
၁၂း၂၀ လူငယ်များ၏စွမ်းပကား အနာဂတ်၏အား
၁၂း၃၅ နိုင်ငံတကာသတင်းအကျဉ်း
၁၂း၄၀ "အင်း"ငွေပန်းထိမ်ရဲ့ အငွေ့အသက်
၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာအစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိတစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champion League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၃၀	Liverpool-Barcelona	5-Sports (Live)
၁း၃၀	Chelsea-Porto	5-Series (Live)

နေပြည်တော်ညချမ်းရဲ့ အကယ်ဒမီ ရင်ခုန်သံများ

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ - သာညဏ် (သတင်းစဉ် - နေပြည်တော်)

နေပြည်တော် မတ် ၅

၂၀၀၇ ခုနှစ်၏ ဆောင်းအကုန် နွေအကူးကာလတွင် ဆောင်းလက်ကျန် အအေးဓာတ်များ လွှမ်းခြုံထားဆဲ အချိန်၌ ၂၀၀၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု) ပေးပွဲကြီးကို ပထမဦးဆုံးအကြိမ်အဖြစ် နေပြည်တော်တွင် ယနေ့ညနေပိုင်းက စည်ကားသိုက်မြိုက်စွာ ကျင်းပပြီးစီးခဲ့လေပြီ။

ဂုဏ်ပြုနှုတ်ဆက်

အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆုနှင့် အကောင်းဆုံး အမျိုးသားဇာတ် ဆောင် ဆုရရှိသော လူမင်းအား ဤသို့ဂုဏ်ပြုနှုတ် ဆက် ခဲ့ ကြသည်။

(သတင်းစဉ်)

နေပြည်တော်တွင် ပထမဦးဆုံး အကြိမ် ကျင်းပသည်မို့ ထင်ပါရဲ့ အကယ်ဒမီဆုပေးပွဲကျင်းပသည့် တည်ငြိမ်ခံ့ညားလှသော လဟာပြင်ကဇာတ်ရုံသစ်ကြီးမှာလည်း အနုပညာရောင်စုံ ပန်းပွင့်များနှင့်အတူ သက်တံရောင်ပမာ ပိုမိုလှပနေသည်ကို တွေ့မြင်နေရသည်။ အခမ်းအနားကျင်းပမည့် အနီးပတ်ဝန်းကျင်နှင့် လမ်းမများပေါ်တွင်လည်း အကယ်ဒမီပွဲကို လာရောက်

အကောင်းဆုံး အမျိုးသမီး ဇာတ်ဆောင်ဆု ရရှိသော ထွန်းအိန္ဒြာဗို အား ရုပ်ရှင် သရုပ်ဆောင် အကယ်ဒမီ ခင်သီတာထွန်းက ဤသို့ ဂုဏ်ပြု နှုတ်ဆက်ခဲ့သည်။

(သတင်းစဉ်)

ရင်ခုန်ကြသည့် နေပြည်တော် အနီးတစ်ဝိုက်ရှိ ပြည်သူများမှာလည်း အင်နှင့်အားနှင့် ဖွဲကောင်းကောင်းဖြင့် ကြိုတင်လာရောက် စုရုံးနေကြသည်ကိုလည်း မြင်တွေ့ခဲ့ရသည်။

ထိုကဲ့သို့ နေပြည်တော်၌ ပထမဆုံးအကြိမ် ကျင်းပသည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ပေးပွဲကို နေပြည်တော်နေပြည်သူများနှင့်ဝန်ထမ်းများအလွယ်တကူကြည့်ရှုနိုင်ရန်အတွက် ချိုသာသောဈေးနှုန်းဖြင့် လက်မှတ်များ ရောင်းချပေးထား၍လည်း ယခုကဲ့သို့ ပြည်သူများလာရောက် အားပေးကြခြင်း ဖြစ်သည်။

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)ပေးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသောရုပ်ရှင်သရုပ်ဆောင်များ၊ရုပ်ရှင်အနုပညာရှင်များကိုမြင်တွေ့ရသည်မှာ ရွှင်မြူးလန်းဆန်း တက်ကြွနေသည်။ ထိုအနုပညာရှင်ပေါင်းများစွာထဲမှ ၂၀၀၅ ခုနှစ်အတွင်းက ရုံတင်ပြသခဲ့သည့် ရုပ်ရှင်ကား ၁၆ ကားရှိခဲ့ရာ ထိုရုပ်ရှင်ကားများတွင် ပါဝင်ခဲ့သည့် အနုပညာရှင်များမှာ အများနှင့်မတူ ရင်ခုန်သံများကိုယ်စီဖြင့် အကယ်ဒမီဆုပေးပွဲသို့ တက်ရောက်လာကြရာ၌ ဒေသခံပြည်သူများကလည်း အပြုံးများဖြင့် ဆီးကြိုနှုတ်ဆက်နေကြသည့် မြင်ကွင်းကလည်း ရင်ခုန်အမောကို ပြေစေခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။

၂၀၀၅ ခုနှစ်အတွင်း ရုပ်ရှင်ကားများတွင် ပါဝင်သရုပ်ဆောင်ထားသော အနုပညာရှင်တိုင်းသည်လည်း အမှတ်တရအနေဖြင့် နေပြည်တော်၏ ပထမဆုံးသော မြန်မာ့ရုပ်ရှင် ထူးချွန်ဆု (အကယ်ဒမီဆု)ကို မိမိတို့၏ အိမ်ဂေဟာသို့ ပွေ့ဖက်ယူဆောင်သွားလိုကြသည်မှာ အမှန်ပင်ဖြစ်သည်။

ယခုကျင်းပခဲ့သည့် နေပြည်တော်၏ ပထမဆုံးအကြိမ် အမှတ်တရဖြစ်စေမည့် မြန်မာ့ရုပ်ရှင် ထူးချွန်ဆု (အကယ်ဒမီဆု)ပေးပွဲ ပုံရိပ်မြင်ကွင်း၌ အကယ်ဒမီ ရုပ်တုကို ရင်ဝယ်ပိုက်ကာ ရယူသွားနိုင်ခဲ့ကြသည့် အနုပညာရှင်အချို့၏ ရင်ခုန်သံများကို နားစွင့်ကြည့်မိရာ.။.။.။.။.

ကြည်စိုးထွန်း

အကောင်းဆုံး ရုပ်ရှင်ဇာတ်ညွှန်း ထူးချွန်ဆုနှင့် အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာထူးချွန်ဆုကို **ဆဋ္ဌဂံ** ဆေးရောင်စုံဇာတ်ကားဖြင့်ရရှိသွားသူဒါရိုက်တာ ကြည်စိုးထွန်းကပြောကြားရာတွင် "ကျွန်တော် ရုပ်ရှင်ဇာတ်ညွှန်းအကြိမ် ၂၀ခန့် ရေးခဲ့ပြီးပါပြီ၊ အမြဲတမ်းလည်း ရုပ်ရှင်ဇာတ်ညွှန်းထူးချွန်ဆုကို မျှော်လင့်ခဲ့ရပါတယ်၊ အခု အဲဒီ ဆဋ္ဌဂံဇာတ်ကား အတွက်ရေးဖို့ပြင်ဆင်တာ ခြောက်လလောက်ကြာပါတယ်၊ ပြင်ဆင်ပြီးတော့ ရေးချိန်ကနှစ်ပတ်ကြာပါတယ်။ အခက်အခဲထဲက ရေးခဲ့ရတာပါ၊ ခက်လည်း ခက်ပါတယ်။ မစန္ဒာရဲ့ဝတ္ထုပါ။ အခု ဇာတ်ညွှန်းထူးချွန်ဆုက ပထမဆုံးရတာပါ၊ ပရိသတ် အပေါ်လည်း စေတနာအပြည့်ထားပါတယ်၊ ရုပ်ရှင်သည် ပြည်သူ့အတွက် ဆိုတဲ့ဆောင်ပုဒ်ကို အမြဲလက်ကိုင်ထားပြီး ရိုက်ကူးပါတယ်။ ဒါရိုက်တာဆုရတိုင်း မိခင်နဲ့ ဖခင်ကို ရည်စူးပြီးတော့ ပညာသင်ဆု အမြဲလှူပါတယ်။ ကျွန်တော်နေခဲ့တဲ့ ကျောင်းကိုလည်း လှူပါတယ်၊ ဆုတွေ ပိုရလာလေ တာဝန်က ပိုကြီးလေပဲ ဖြစ်ပါတယ်၊ ကားရိုက်တိုင်း စေတနာ အပြည့်နဲ့ရိုက်ကူးပါတယ်၊ စေတနာက အကျိုးပြန်ပေးပါတယ်၊ ဒီနှစ် နေပြည်တော်မှာလုပ်တော့ ထူးထူးခြားခြားလေး ဖြစ်သွားတာပေါ့၊ ဝမ်းလည်းသာပါတယ်"ဟု ပြောကြားသွားသည်။

အကယ်ဒမီလူမင်း

အကောင်းဆုံး အမျိုးသား ဇာတ်ဆောင်ဆုနှင့် ရုပ်ရှင်ဇာတ်ကားဆု ထုတ်လုပ်သူအဖြစ်နှင့်ပါ ဆုနှစ်ဆု ဆွတ်ခူးရရှိသွားသည့် **ကျန်စစ်မင်း**ဇာတ်ကားမှ သရုပ်ဆောင်လူမင်းကလည်း "ဒီဇာတ်ကားကြီးကို ထုတ်လုပ်ပြီး ဒါရိုက်တာလုပ်၊ ကိုယ်တိုင်ပါဝင် သရုပ်ဆောင်လုပ်ခဲ့ရတာတွေကြောင့် အထူးတာဝန်ကြီးပြီး သတိရှိရှိနဲ့စနစ်တကျ လုပ်ကိုင်ခဲ့ရပါတယ်၊ သရုပ်ဆောင်ဆုချီးမြှင့်ခံရလို့လည်း အတိုင်းမသိဝမ်းသာပါတယ်၊ ဒီဇာတ်ကားကြီး ဖြစ်လာအောင် ကူညီခဲ့ကြတဲ့သူတွေကိုလည်း ကျေးဇူးတင်ပါတယ်၊ အခုလို ထိုက်တန်တဲ့ဆုရရှိခဲ့လို့လည်း ကျေးဇူးတင် ဝမ်းသာပါတယ်၊ ဒီအချိန်ကတော့ အမောတွေကို ပြေစေတဲ့အချိန်ပေါ့၊ နေပြည်တော်မှာ လုပ်တာလည်း အတွေ့အကြုံရတာပေါ့၊ ဒီဇာတ်ကားက ဆုရတဲ့အတွက် ဝမ်းသာပါတယ်၊ ဒီဇာတ်ကားမှာ ပါဝင်ခဲ့ကြတဲ့သူတွေ အားလုံးအတွက်ပါ အကောင်းဆုံးဖြစ်အောင် ကြိုးစားခဲ့လို့လည်း အခုလို အသီးအပွင့်ကို ခံစားခဲ့ရတာပါ၊ ကျေနပ်ပါတယ်"ဟု ၎င်း၏ ခံစားမှုကို ဖော်ပြခဲ့သည်။

ထွန်းအိန္ဒြာဗို

အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုကို **မိုးကုပ်စက်ဝိုင်းကို ကျော်လွန်၍** ဇာတ်ကားဖြင့် ထူးချွန်ဆုရရှိခဲ့သော သရုပ်ဆောင် ထွန်းအိန္ဒြာဗိုကလည်း ဝမ်းသာလွန်း၍ ပြောကြားရာမှာ "ချစ်ပရိသတ်ကြီးအားလုံးကို ကျေးဇူးတင်ပါတယ်၊ အကောင်းဆုံး သရုပ်ဆောင်ခဲ့လို့ အခုလို ဆုထပ်မံရရှိတာ ဝမ်းသာပါတယ်၊ ကျေလည်းကျေနပ်ပါတယ်လို့" ဝမ်းသာအားရဖြင့် ပြောကြားသွားခဲ့သည်။

ထို့အတူ အကောင်းဆုံး အမျိုးသမီး ဇာတ်ပို့ဆုကို **ချစ်ခြင်းဖွဲ့မေတ္တာ**ဇာတ်ကားဖြင့် ထူးချွန်ဆုရရှိသွားသူ မြတ်ကေသီအောင်ကလည်း "ဒုတိယအကြိမ်မြောက် ဆွတ်ခူးရရှိတဲ့အတွက် အလွန်ပျော်ရွှင်ဝမ်းသာမိပါတယ်။ ဘာကိုဘယ်လို ပြောရမှန်းတောင် မသိတော့ပါဘူး၊ ပရိသတ်ကြီးကိုလည်း အထူးကျေးဇူးတင်ပါတယ်"လို့ ဝမ်းသာအယ်လဲဖြင့်ခံစားချက်များကို ပြောကြားခဲ့ကြောင်း သတင်းမြင်ကွင်းအဖြစ် ဖော်ပြလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

၂၀၀၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆု (အကယ်ဒမီဆု) ချီးမြှင့်ပွဲ အခမ်းအနားကို နေပြည်တော်မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံ၌ ကျင်းပစဉ်။ (သတင်းစဉ်)

မကွေးမြို့နယ်အသင်း(ရန်ကုန်) ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးအား ဂုဏ်ပြုပူဇော်

ရန်ကုန် မတ် ၅

မကွေးမြို့နယ်အသင်း (ရန်ကုန်)က ကြီးမှူး၍ ဆရာတော်ကြီး၊ ဆရာတော်များ၊သီလရှင်ဆရာကြီး၊ သက်ကြီးပုဂ္ဂိုလ်များနှင့် စာပေဆုရသူများအား ဂုဏ်ပြုချီးကျူးပွဲ အခမ်းအနားကို မတ် ၃ရက် နံနက်ပိုင်းက တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌအဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ(မကွေး ဆရာတော်)အမှူးပြုသော ဆရာတော်များအား မကွေးမြို့နယ်အသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဦးအေးကိုက လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ မကွေးတိုင်း မကွေးမြို့ သီရိစန္ဒာရုံစာသင်တိုက်မှ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသည့် သီလရှင်ဆရာကြီး ဒေါ်သိင်္ဂီဝတီအား မကွေးမြို့နယ်အသင်း(ရန်ကုန်) ဥက္ကဋ္ဌ၏ဇနီး ဒေါ်နုနုခင်က ဂုဏ်ပြုလွှာကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။ **(အောက်ပုံ)**

ယင်းနောက် မကွေးမြို့နယ်အသင်း(ရန်ကုန်)မှ ဦးသောင်းဆိုင် ဦးဆောင်၍ အမှုဆောင်အဖွဲ့ဝင်များက သက်ကြီး ပူဇော်ခံ ပုဂ္ဂိုလ်များအား ကန်တော့ပစ္စည်းများ ပေးအပ် ပူဇော်ကန်တော့ကြပြီး စာပေဆုများ ဆွတ်ခူးရရှိသူများကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးသည်။ **(က–ပ)**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကျိုက်တော်ရပ်ကွက် လိပ်ကန်လမ်း အမှတ် ၆၈နေ ဦးလှရွှေ–[ဒေါ်လှလှဝင်း(ခ)ဒေါ်အမာ]၊ သား ဦးဇော်ဝင်း–ဒေါ်မြင့်မြင့်သန်း၊ ဗိုလ်မှူးသိန်းဝင်း–ဒေါ်မြင့်မြင့်၊ ဦးကျော်ကျော်ဝင်း–ဒေါ်ချိုချို၊ ဦးအောင်ခိုင်၊ သမီး ဒေါ်စန်းစန်းဝင်း၊ ဦးမျိုးဝင်း–ဒေါ်လဲ့လဲ့ဝင်းနှင့် မြေး၊ မြစ် မိသားစုတို့က ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတမြို့ရွှေကျောင်းတိုက်၊ မြန်အောင်သမ္ဗုဒ္ဓေစေတီရံတစ်ဆူအတွက် ငွေကျပ်တစ်သိန်း လှူဒါန်းရာ သာသနာပြုဆရာတော်က ဂုဏ်ပြုလွှာချီးမြှင့်စဉ်။ (က–ပ)

ဒေါပုံမြို့နယ်တွင် နယ်လှည့်စာကြည့်တိုက်ဖွင့် ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကျင်းပ

ရန်ကုန် မတ် ၅

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒေါပုံ မြို့နယ်ရုံးက ဖေဖော်ဝါရီ၂၆ရက်တွင်ကြည်စုရပ်ကွက် လင်းရောင်ခြည် စာကြည့်တိုက်၌ နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဆန်းဦးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အုံးညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)**

၂၀၀၆–၂၀၀၇ ပညာသင်နှစ် တောင်ဥက္ကလာပမြို့နယ် ကျောင်းပေါင်းစုံ ဘက်စုံပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကိုဖေဖော်ဝါရီ၂၂ ရက်က အထက(၁)သီရိရတနာ ကျောင်းခန်းမတွင် ကျင်းပရာ Educational Project Competition for National Level, 2006 တွင် Best of Middle Level ဗဟိုအဆင့် ပထမဆုရ အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်း အဋ္ဌမတန်း(က)မှ မောင်သိန်းထွန်းဇော်အား မြို့နယ်ပညာရေးမှူး ဒေါ်ရီရီစိန်က ဆုချီးမြှင့်စဉ်။ (၂၀၀)

မူးယစ် ကင်းစင် အလှဆင်

ရှင်သာမဏောဓမ္မဗိမာန် တရားစခန်း

မြတ်ဗုဒ္ဓ၏ ပဋိပတ်အကျင့် မြတ်တရားတော်များကို ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီး၏ တပည့်အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထ ဝိပဿနာတရားတော်များကို ဒလ–အံကြီး ဓမ္မရသ ရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး ဦးသန်းရွှေ (မဟာသဒ္ဓမ္မဇောတိကဓဇ)က ခန္ဓာဉာဏ်ရောက် ဝိပဿနာအလုပ်ပေး တရားတော်များကို ဗဟန်းမြို့နယ် အာဇာနည်လမ်း ရွှေတိဂုံစေတီတော် အရှေ့ဘက်အနီး ရှင်သာမဏောဓမ္မဗိမာန်၌ မတ် ၈ရက်မှ ၁၄ရက်အထိ ညနေ ၅နာရီမှာ ၆နာရီခွဲအတွင်း ဟောကြားပြသမည်ဖြစ်သဖြင့် အချိန်ပိုင်းတရားစခန်း ဝင်ရောက်လိုသူများ ဖုန်း–၃၈၇၃၆၁ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

မြို့နယ်လူ့ပ်ရှားမှု ဓာတ်ပုံပြပွဲ ဆီဆိုင်တွင် ကျင်းပ

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဆီဆိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးပြသသော မြို့နယ်လှုပ်ရှားမှုမှတ်တမ်း ဓာတ်ပုံပြပွဲနှင့် ဒေသဖွံ့ဖြိုးရေး လှုပ်ရှားမှုမှတ်တမ်း ဓာတ်ပုံပြပွဲကို ဖေဖော်ဝါရီ ၁၂ရက်က ဆီဆိုင်မြို့နယ်ခန်းမ၌ ကျင်းပသည်။

ဓာတ်ပုံပြပွဲသို့ ဆီဆိုင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခိုင်ထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်အေးမြစီနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်သူလူထုအင်အား ၃၀၀ ကျော် တက်ရောက် ကြည့်ရှုလေ့လာခဲ့သည်။

အမျိုးသမီးရေးရာ သိကောင်းစရာ မကွေး၌ဟောပြော

မကွေးခရိုင် အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူး၍ ပညာပေး ဟောပြောပွဲကို မကွေးတိုင်း မကွေးမြို့နယ် နတ်ကန်ကျေးရွာတွင် ဖေဖော်ဝါရီ ၁၉ရက်က ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ဘောက်နန့်က အမျိုးသမီးရေးရာ အကြောင်း သိကောင်းစရာ ဟောပြောပြီး မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ချိုချိုက အမျိုးသမီးရေးရာဖွဲ့စည်းပုံ အဆင့်ဆင့်ကို ရှင်းလင်း ပြောကြားသည်။ ထို့နောက် ဒေါ်ကျော့စိန်လှက လူကုန်ကူးမှုဆိုင်ရာဥပဒေအကြောင်း ရှင်းလင်း ပြောကြားသည်။

စာကြည့်တိုက် ရေရှည်တည်တံ့ရေး ဆွေးနွေး

ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးချစ်မောင်သည် ဖေဖော်ဝါရီ၃ ရက် မွန်းလွဲ ၁ နာရီက နတ်တောင်ကျေးရွာ စည်သူစာကြည့်တိုက်သို့ ရောက်ရှိပြီး ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ထွေးနှင့် အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီများနှင့် ကျေးရွာလူမှုရေးအသင်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ စာကြည့်တိုက်ရေရှည်တည်တံ့ရေး၊ ခိုင်မာသည့်စာကြည့်တိုက်ဖြစ်လာရေး၊ ကိုယ်ပိုင်အဆောက်အအုံရရှိရေးနှင့် စာအုပ်နှင့်ပရိဘောဂများ၊ ငွေပဒေသာပင်များ စုဆောင်းရရှိရေးတို့နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့်ပတ်သက်သည်များကိုညှိနှိုင်းဆွေးနွေးကြောင်း သိရသည်။

မြန်မာ့အလင်း ပြည်တွင်းသတင်းအတိုအထွာ

ဘီးလင်း၌ သီရိ ကတ္တရာလမ်းသစ်ဖွင့်

နှစ် (၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် သထုံခရိုင် ဘီးလင်းမြို့နယ် ဘိုးရာဇာရပ်ကွက် သီရိကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက် နံနက်က အဆိုပါလမ်း မုခ်ဦး၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရန်မျိုးအောင်တို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ သီရိကတ္တရာလမ်းသစ်မှာ အရှည် ပေ ၇၂၀၊ အကျယ် ၁၂ပေ ကာလတန်ဖိုးငွေကျပ်၃၉ သိန်း ခြောက်သောင်း ကုန်ကျကြောင်း သိရသည်။

တပ်ကုန်းမြို့နယ် မီးသတ်ဦးစီးဌာနသို့ အလှူငွေပေးအပ်

တပ်ကုန်းမြို့နယ်မီးသတ်ဦးစီးဌာနသို့ အလှူငွေပေးအပ်ပွဲနှင့် ဂုဏ်ပြုလွှာ ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ရက်က မြို့နယ်မီးသတ်ဦးစီးဌာနမှူးရုံးတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌကိုယ်စား ရဲမှူးအောင်ကျော်နိုင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး အလှူရှင်ဦးဝင်းသိန်း၊ ဒေါ်ဂျူဂျူဝင်း (ဝင်းကားပစ္စည်းအရောင်းဆိုင်) ဗိုလ်မင်းရောင်ရပ်ကွက်က အလှူငွေကျပ် ငါးသိန်းအားပေးအပ်ရာ မီးသတ်ဦးစီးဌာနမှူး ဦးလှိုင်ဝင်း အောင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်သည်။

ကာမိုင်းမြို့နယ် နဝဒေးကတ္တရာလမ်း အဆင့်မြှင့်တင်

ကချင်ပြည်နယ် ကာမိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အရှည်ပေ ၂၉၀၊ အကျယ် ၁၂ပေရှိ နဝဒေး ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်မှု အခြေအနေကို ဖေဖော်ဝါရီ ၂၀ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တာဝန်ခံ ဦးဆန်းအောင်တို့ ကွင်းဆင်း ကြည့်ရှုစစ်ဆေးကြရာ တာဝန်ခံ အင်ဂျင်နီယာ ဦးအေးဇော်မြင့်က လုပ်ငန်းဆိုင်ရာများ လိုက်လံ ရှင်းလင်းပြသသည်။

မြစ်ကြီးနားမြို့ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့အား သန့်ရှင်းသပ်ရပ်သာယာလှပရေး စီမံချက်ချမှတ်၍ နေ့စဉ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၃ရက်က လက်ထောက်အင်ဂျင်နီယာ ဦးမျိုးအေးလွင် အနီးကပ်ကြီးကြပ်သော စိမ်းလန်းလုပ်သားအဖွဲ့နှင့် ဒုတိယဦးစီးမှူး(သန့်) ဦးသန်းဝင်း ကြီးကြပ်သော သန့်ရှင်းရေးလုပ်သားအဖွဲ့ ပူးပေါင်း၍ မြစ်ကြီးနားမြို့ မြေမြင့်ရပ်ကွက် ဘုန်းတော်ကြီးကျောင်းရှေ့ ပြည်ထောင်စုလမ်းမကြီး ဝဲယာ သန့်ရှင်းသာယာလှပရေးဆောင်ရွက်ခြင်း၊ စိမ်းလန်းနယ်မြေတွင် ချုံနွယ်များ၊ မြက်တောများမရှိစေရေး ရှင်းလင်းဆောင်ရွက်ခြင်း၊ ပုံဖော်ပန်းပင်များ လှပစေရေးအတွက် ပုံဖော်လုပ်ငန်းများ ဆောင်ရွက်ကြသည်။

သန်လျင် ကုလားဝဲ စက်ရေတွင်းဖွင့်

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသော အားဖြင့် သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှဆောင်ရွက်ခဲ့သော ကုလားဝဲနှစ်လက်မ စက်ရေတွင်း ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၉ရက်က သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးပြည့်ကွယ်ငြိမ်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးစိန်မောင်ဆင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြောင်း သိရသည်။

ကျောက်တံခါး စည်ပင် သစ်သားတံတားတည်ဆောက်

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပြတံတားများ တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ၁၉ရက်က ကျောက်တံခါးမြို့ ဘူတာရုံ အဝင်လမ်း ရေစီးရေလာကောင်းမွန်ရေး၊ သွားလာရန် အဆင်ပြေစေရေးအတွက် ၂၀၀၆–၂၀၀၇ခု ဘဏ္ဍာငွေဖြင့် အုတ်ခုံခံ သစ်သားတံတားကို တာဝန်ခံအင်ဂျင်နီယာ ဦးဟိန်းဇော် ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်း ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

တိုင်းရင်းဆေး အဆောက်အအုံအတွက် ငွေလှူ

မြို့နယ် တိုင်းရင်းဆေးကုဌာန အဆောက်အအုံသစ် ဆောက်လုပ်ရန်အတွက် အလှူငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၇ရက် နံနက်၉နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် အဆိုပါ အဆောက်အအုံသစ်တွင် ကျင်းပရာ အလှူရှင် မြို့မိမြို့ဖ ဦးသိန်းမောင် မိသားစု (ရွှေလမင်း) ဆေးလိပ်ခုံပိုင်ရှင်မှ ဒုတိယအကြိမ် အလှူငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းရာ တိုင်းရင်းဆေးပညာဦးစီးဌာန ဧရာဝတီတိုင်း ပုသိမ်မြို့ တိုင်းဦးစီးဌာနမှူး ဆရာဦးသိန်းဝင်းက လက်ခံယူကြောင်း သိရသည်။

လူထုကျန်းမာရေး လုပ်သားသင်တန်းဖွင့်

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော လူထုကျန်းမာရေးလုပ်သားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၂ ရက် မွန်းလွဲ ၂ နာရီက မြို့နယ် ကျန်းမာရေး ဦးစီးဌာန ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်အောင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနီလာစိုးက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား၂၀ တက်ရောက်ပြီး သင်တန်းကာလမှာ တစ်လ ဖြစ်ကြောင်း သိရသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့တွင် ကျင်းပသည့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးတက်ရောက်စဉ်။ (နိုင်ငံခြားရေး)

ဝန်ကြီးဦးဉာဏ်ဝင်း အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတက်ရောက်ခဲ့ အရှေ့အာရှပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေး

နေပြည်တော် မတ် ၅

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဟိုနမ်ဟောင်၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့၌ မတ် ၁ ရက်မှ ၂ ရက်အထိ ကျင်းပခဲ့သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး နေပြည်တော်သို့ မတ် ၅ ရက်တွင် ပြန်လည်ရောက်ရှိသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ ရှိနေစဉ် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် မတ် ၁ ရက် ည ၇ နာရီတွင် ဆီရမ်ရိမြို့ ဆိုခ အမ်ကော ဟိုတယ်၌ ကျင်းပခဲ့သည့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံ ပဋိညာဉ် စာတမ်းရေးဆွဲရေးဆိုင်ရာ အဆင့်မြင့် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေးပွဲသို့ လည်းကောင်း၊ ယင်းနေ့ ည ၇ နာရီတွင် ကျင်းပသည့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ၏ အလုပ်သဘော ညစာ စားပွဲများသို့ လည်းကောင်း၊ မတ် ၂ ရက် နံနက် ၈ နာရီခွဲတွင် ဆီရမ်ရိမြို့ ဆိုဖိတယ် ရွှိုင်ရယ်အမ်ကော ဟိုတယ်၌ ကျင်းပသည့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ လည်းကောင်း ပါဝင်တက်ရောက်ခဲ့သည်။

တွေ့ဆုံဆွေးနွေး

အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံပဋိညာဉ် စာတမ်းရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးပွဲတွင် အာဆီယံ ပဋိညာဉ် စာတမ်းရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ သံအမတ်ကြီး မစ္စစ်ရိုစာရီယို၊ မန်နာလိုက အာဆီယံ ပဋိညာဉ်စာတမ်းရေးဆွဲသည့် အခြေအနေ တိုးတက်မှုကို အစီရင်ခံခဲ့ပြီး ပဋိညာဉ်စာတမ်းတွင် အာဆီယံနိုင်ငံများအကြား သဘောထားမတူညီသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ လမ်းညွှန်မှု တောင်းခံခဲ့သည်။

အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ၏ အလုပ်သဘော ညစာစားပွဲတွင် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အနေဖြင့် အာဆီယံပဋိညာဉ်စာတမ်းနှင့်ပတ်သက်၍ အသေးစိတ်ဆွေးနွေးခဲ့ကြပြီး အာဆီယံ ပဋိညာဉ်စာတမ်း ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့အား ချမှတ်ပေးမည့် လမ်းညွှန်ချက်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အမြင်ချင်းဖလှယ်

အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးအတွင်း အာဆီယံ ပဋိညာဉ်စာတမ်းကိစ္စ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံ ဆက်ဆံရေးထူထောင်သည့် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးများကျင်းပရန်ကိစ္စ၊ အီးယူမှ အရှေ့တောင်အာရှနိုင်ငံများ၏ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး စာချုပ်(TAC)တွင် ပါဝင်လက်မှတ်ရေးထိုးရန် အဆိုပြုလာသည့်ကိစ္စ၊ အာဆီယံ-အီးယူဝန်ကြီးအဆင့် အစည်းအဝေး ကျင်းပရေးကိစ္စ၊ အရှေ့အာရှ ပူးပေါင်းဆောင်ရွက်မှု၏ အနာဂတ်နှင့် ပတ်သက်၍ အာဆီယံ၏ မဟာဗျူဟာ၊ အာဆီယံ၏ တင်းပြည့် ဆွေးနွေးဖက်နိုင်ငံအဖြစ် အဆင့်မြှင့်ဆောင်ရွက်ခြင်း၊ အာဆီယံ၏ လေ့လာသူဖြစ်လိုခြင်းနှင့် အာဆီယံဒေသဆိုင်ရာ ဖိုရမ်(အေအာရ်အက်ဖ်)တို့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်လိုခြင်းနှင့်ပတ်သက်၍ လျှောက်ထားလာမှုများ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

● ***ကျောဖုံးမှ***

ဘွက်ကြီးတံတားမှာ လွန်တူးဘိုးပိုင် အုတ်မြစ်၊ သံကူကွန်ကရစ်ရက်မနှင့် ကြိုတင်အားဖြည့် သံကူကွန်ကရစ် ရက်မတို့ဖြစ်ပြီး ပင်မတံတားအရှည် ပေ ၆၀၀၊ ချဉ်းကပ်တံတား ပြည်ဘက်ကမ်း ပေ ၆၅၀ နှင့် အောင်လံဘက်ကမ်း ပေ ၅၂၀ ရှိ၍ စုစုပေါင်းအရှည် ပေ ၁၇၇၀ ရှိသည်။ ယာဉ်သွားလမ်း အကျယ် ၂၈ ပေနှင့် လူသွားလမ်း အကျယ်တစ်ဖက်လျှင် သုံးပေစီ နှစ်ဖက် ပါရှိ၍ တံတား ခံနိုင်ဝန်မှာ ယာဉ်တစ်စီးခြင်း တန် ၆၀ ဖြစ်သည်။

ဆောင်ရွက်

ယခုအခါ ဘွက်ကြီးတံတား၏ ပြည်ဘက်ကမ်း ချဉ်းကပ်တံတား ၁၀ ခန်း၌ ကိုးခန်းပြီးစီး၍ အောင်လံဘက်ကမ်း ချဉ်းကပ်တံတား ရှစ်ခန်းတွင် ငါးခန်းဆောင်ရွက်ပြီးဖြစ်သည်။ ပင်မတံတားတွင် ရေလယ်တိုင် ခုနစ်တိုင်ရှိသည့်အနက် ခြောက်တိုင်ပြီးစီးလျက် ကျန်တစ်တိုင်၏ ပိုင်တိုင်ထိပ်အုပ်လုပ်ငန်းဆောင်ရွက်ဆဲဖြစ်ပြီး ကျန်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးလေဝသအခြေအနေ

၆-၃-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန

ဆီစားသုံးမှု သတိပေးတားမြစ်ချက်

(၂၀၀၇ ခုနှစ်၊ မတ်လ ၅ ရက်)

၁။ နိုင်ငံတော်သည် လူမှုရေးဦးတည်ချက်(၄)ရပ်တွင် ပါဝင်သော တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေး တိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ နိုင်ငံတော်သည် အထက်ပါကျန်းမာရေးဦးတည်ချက်နှင့်အညီ အမျိုးသား အစားအသောက်ဥပဒေကိုပြဋ္ဌာန်း၍ အများပြည်သူတို့၏ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပါသည်။

၃။ ယခုအခါ အများပြည်သူ စားသောက်လျက်ရှိသော စားသုံးဆီအချို့တွင် ဝိသမစီးပွားရေးသမားအချို့က လူကို ဥပဒ်ဖြစ်စေနိုင်သော ကုန်ကြမ်းဆီနှင့် အခြားမသင့်လျော်သော ဆီများကို ရောနှော၍ ရောင်းချလျက်ရှိပါကြောင်း တွေ့ရှိရပါသည်။

၄။ ထိုသို့ စားသုံးရန်မသင့်သော စားသုံးဆီများကို စားသုံးမိသော ပြည်သူအချို့မှာ ကျန်းမာရေးကို ထိခိုက်ပြီး နှလုံးရောဂါ၊ အသည်းရောဂါ၊ ကင်ဆာရောဂါ၊ အဝလွန်ခြင်းရောဂါ အစရှိသည့်တို့ ပိုမိုများပြားလာကြောင်း လေ့လာတွေ့ရှိရပါသည်။

၅။ ကျန်းမာရေးရှုထောင့်အရ လေ့လာပါက ဆီစားသုံးခြင်းနှင့် မသင့်လျော်သောဆီများ စားသုံးမိခြင်းဖြင့် ပြည်သူများ၏ကျန်းမာရေးကို ထိခိုက်နိုင်ပါ၍ ဆီစားသုံးမှုကို လျော့ပေါ့ကြရန် ဖြစ်ပါသည်။

၆။ သို့ပါ၍ ပြည်သူတို့၏ကျန်းမာရေးကို ထိခိုက်စေနိုင်သော စားသုံးဆီများကို ပြုလုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းပြုလုပ်ကြောင်း စစ်ဆေးတွေ့ရှိရပါက ဥပဒေနှင့်အညီ ပြင်းထန်စွာအရေးယူမည်ဖြစ်ကြောင်း သတိပေးတားမြစ်လိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာန

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ရန်ကုန်တိုင်းအတွင်းသံသယဖြစ်ဖွယ်ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ

သတိပေးနှိုးဆော်ချက်

ရန်ကုန် မတ် ၅

၁။ ရန်ကုန်တိုင်း မြို့နယ်များအတွင်း ၅-၃-၂၀၀၇ ရက် ကြက်ငှက်သေဆုံးမှု ဖြစ်စဉ်များနှင့် အရေးယူဆောင်ရွက်မှုများ

(က) **ငှက် မြေကျသေဆုံးမှု။** တာမွေ၊ သဃ်န်းကျွန်း၊ ကမာရွတ်၊ ပုဇွန်တောင်၊ လှိုင်၊ ကြည့်မြင်တိုင်၊ မင်္ဂလာဒုံ၊ ပန်းဘဲတန်း၊ ရန်ကင်း၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)မြို့နယ်အတွင်း ကျီးကန်း ၁၂ ကောင်၊ ခိုခြောက်ကောင်၊ စာကလေးတစ်ကောင် မြေကျသေဆုံးကြောင်း။

(ခ) **ကြက်၊ ဘဲသေဆုံးမှု။** မြို့နယ်များ ကြက်၊ ဘဲများ ထူးခြားစွာသေဆုံးမှုမရှိပါကြောင်း။

(ဂ) **တိရစ္ဆာန်ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းစစ်ဆေးချက်။** ကြက်ငှက်တုပ်ကွေးရောဂါ ပိုးမတွေ့ရှိရပါ။ အသေကောင် ခွဲစိတ်စစ်ဆေးချက်အရ သေဆုံးငှက်များ၌ ဦးနှောက်သွေးယိုစိမ့်မှုများ တွေ့ရှိရသဖြင့် အခြားရောဂါအကြောင်းရင်း ဆက်လက်စစ်ဆေးလျက်ရှိပါကြောင်း။

၂။ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ကြက်၊ ဘဲ၊ ငုံး မွေးမြူထုတ်လုပ်သူများအနေဖြင့် ကြက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေး၊ ကြက်ခြံအချင်းချင်း ကူးသန်းသွားလာမှုမရှိစေရေး၊ မွေးမြူရေးခြံနှင့် ခြံပတ်ဝန်းကျင် ပိုးသတ်ဆေးဖျန်းခြင်း (Disinfection)များ၊ တိရစ္ဆာန်ကျန်းမာရေး သတိပြုဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

မြန်မာ့အလင်း **အင်တာနက် ဖောင်ပိတ်သတင်း**

သြစတြေးလျ၌ လေယာဉ်ငယ်နှင့် ရဟတ်ယာဉ်တိုက်မိ လေယာဉ်ပေါ်တွင်လိုက်ပါလာသူများသေဆုံး

ဗီယင်နာ မတ် ၅

သြစတြီးယားနိုင်ငံရေခဲပြင်စကိတ်ကွင်းတောင်စောင်းတစ်ခုအနီး ရဟတ်ယာဉ်တစ်စင်းနှင့် အပေါ့စားလေယာဉ်ငယ် တစ်စင်းတို့ ဝေဟင်တွင် တိုက်မိပြီး ပျက်ကျခဲ့ရာ လူရှစ်ဦးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ မီဒီယာများက သတင်းထုတ်လွှင့်ခဲ့မှုကို မတ် ၅ရက်က အင်တာနက် သတင်း၌ ဖော်ပြသည်။ **(ဓါတ်ပုံ)**

အဆိုပါ ဝေဟင်တွင် လေယာဉ်တိုက်မှုသည် သြစတြီးယားနိုင်ငံ အလယ်ပိုင်း ဇယ်လ်အမ်ဆီး တောင်ပေါ် စကိတ်စီးအပန်းဖြေစခန်း၌ မတ် ၅ ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယင်းလေယာဉ်တိုက်မှုတွင် ခရီးသည်ပို့ဆောင်ရေးရဟတ်ယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည်ခုနစ်ဦးနှင့် အပေါ့စားလေယာဉ်ပေါ်မှ တစ်ဦးသေဆုံးခဲ့ခြင်းဖြစ်ကြောင်း သြစတြီးယားသတင်းအေဂျင်စီက ဖော်ပြသည်။

အဆိုပါလေယာဉ်နှစ်စင်းသည် သစ်တောတစ်တောအတွင်း ပျက်ကျသွားခဲ့ကြောင်း ဒေသခံတစ်ဦးက ပြောကြားသည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား အားကစား

အင်န်ဖီးလ်ကွင်းမှာ ဘင်နီတက်ဇ်နှင့် ရီကတ်တို့ဆုံကြပြန်

ကိုးကားတင်ပြသူ
မြင့်မောင်စိုး

လန်ဒန် မတ် ၅

ဥရောပချန်ပီယံလိဂ် ၁၆သင်း ရှုံးထွက်ပြိုင်ပွဲ ဒုတိယအကျော့ ပွဲစဉ်များကို မတ်၆ရက် (ယနေ့)နှင့် မတ်၇ရက် (မနက်ဖြန်)တို့တွင် ယှဉ်ပြိုင်ကစားကြမည်။

နူးကင့်မှာ ဘင်နီတက်ဇ်နှင့် ရီကတ်တို့ ဆုံကြစဉ်က ဤသို့ငြင်းကြခုန်ကြ။ (ဓာတ်ပုံ-အင်တာနက်)

ပြိုင်ပွဲဝင်အသင်း ၁၆ သင်းတို့သည် ကွာတားဖိုင်နယ်တက်နိုင်ရန် အဆုံးအဖြတ်ပြိုင်ပွဲကြီးဖြစ်၍ အကြိတ်အနယ် ကစားရမည်ဖြစ်သည်။ ပထမအကျော့တွင် အနိုင်ရထားသောအသင်းများ နိုင်ပွဲရလဒ်ကို ဆက်ထိန်းနိုင်ရန် ကြိုးစားကြမည်ဖြစ်သကဲ့သို့ ရှုံးနိမ့်ထားသောအသင်းများအနေဖြင့်လည်း ပြန်လည်နိုင်ပွဲရရှိရေး အပြင်းအထန် ကြိုးစားကြမည် ဖြစ်သည်။

အထူးစိတ်ဝင်စား

ထို့အတူ သရေပွဲဖြင့် အဖြေမကွဲခဲ့သော အသင်းများကလည်း နိုင်ပွဲရလဒ်ကို အဖြေရှာရန် ခတ်ကွင်းပြင်နေကြပြီဖြစ်သည်။ ဤသို့အကြိတ်အနယ် သူနိုင်ကိုယ်နိုင် အပြိုင်ကြဲကြမည့် ပြိုင်ပွဲကြီးဖြစ်နေ၍လည်းဘောလုံးပရိသတ်များ စောင့်ကြည့်ရန် အထူးစိတ်ဝင်စားနေကြသည်။

ကစားကြမည်

မတ်၆ရက်ညပိုင်းတွင် ချယ်လ်ဆီးနှင့်ပေါ်တို၊ လီဗာပူးနှင့် ဘာစီလိုနာ၊ လီယွန်နှင့် ရီးမား၊ ဗလင်စီယာနှင့် အင်တာမီလန်တို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

မတ်၇ရက် ညပိုင်းတွင် မန်ယူနှင့် လိုင်လီ၊ အေစီမီလန်နှင့် ဆဲလ်တစ်၊ အာဆင်နယ်နှင့် အိုင့်ဟိုဗင်၊ ဘိုင်ယန်မြူးနစ်နှင့် ရီးရဲမက်ဒရစ်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

သရေကျ

အဆိုပါ အသင်းများ၏ ပထမအကျော့ ပြိုင်ပွဲရလဒ် အခြေအနေများကို ပြန်လည်တင်ပြရလျှင် ပရီမီယာလိဂ် ချန်ပီယံ ချယ်လ်ဆီးအသင်းနှင့် ပေါ်တူဂီမှ ပေါ်တိုအသင်းတို့ ယှဉ်ပြိုင်ခဲ့ရာတွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

ကျေနပ်မိ

ပထမအကျော့တွင် ပေါ်တူဂီမြေ၌ သွားရောက်ကစားခဲ့သော ချယ်လ်ဆီးတို့ တစ်ဂိုးစီ သရေပွဲကစားနိုင်ခဲ့သည်။ ယင်းရလဒ်ကိုပင် ကျေနပ်မိကြောင်း နည်းပြမော်ရင်ဟိုကဆိုခဲ့သည်။ ယခုတစ်ဖန် ချယ်လ်ဆီးတို့ပေါ်တိုအသင်းအား အိမ်ရှင်အဖြစ်လက်ခံကစားရမည်ဖြစ်၍အားသာချက်ရှိနေသည်။

ပို့ပေးနိုင်

ချန်ပီယံလိဂ်ဖလားသည် မော်ရင်ဟို အလိုချင်ဆုံးဖလားဖြစ်၍ အိမ်ကွင်း၌ ပေါ်တိုအသင်းကို ချယ်လ်ဆီးတို့ အနိုင်ကစားလိမ့်မည်ဟု မျှော်လင့်ရသည်။ သို့သော်လည်းပေါ်တိုအသင်းသည် ၂၀၀၄ခုနှစ်က ဥရောပချန်ပီယံလိဂ်ဖလားကို ဆွတ်ခူး နိုင်ခဲ့သည့်အသင်းဖြစ်၍ ယင်း အောင်မြင်မှုကို ပေါ်တိုတို့ ပြန်လည်အသက်သွင်းရန် ကြိုးစားလိမ့်မည်ဖြစ်သည်။ သို့သော်လည်း ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာက ချယ်လ်ဆီး အသင်းအား ကွာတားဖိုင်နယ်တက်ရန် ပို့ပေးနိုင်လိမ့်ဟု မျှော်လင့်ရသည်။

အနိုင်ရထား

အလားတူ ပွဲကြီးပွဲကောင်း ပြိုင်ပွဲကြီးတစ်ရပ်ကတော့ ၂၀၀၅ ချန်ပီယံ လီဗာပူးနှင့် ၂၀၀၆ ချန်ပီယံ ဘာစီလိုနာအသင်းတို့၏ ထိပ်တိုက်ဆုံတွေ့မည့် ပြိုင်ပွဲဖြစ်သည်။ ယင်းတို့၏ ပထမအကျော့ ပြိုင်ပွဲတွင် လီဗာပူးက ဘာစီလိုနာကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရထားသည်။

ဖြစ်လာနိုင်

ဘာစီလိုနာ၏ နူးကင့်၌ လီဗာပူးတို့ အနိုင်ရလိုက်၍ ယခုတစ်ဖန် ဒုတိယအကျော့တွင် လီဗာပူး၏ အင်န်ဖီးလ်ကွင်း၌ ပို၍ အားသာချက်ရှိနေသည်။ သို့ရာတွင် လီဗာပူးတို့ ပထမပွဲစဉ်ကလို အထနေးနေလျှင် ခပ်မြန်မြန် ထိုးဖောက်ကစားတတ်သော ဘာစီလိုနာတို့ အရေးသာသွားနိုင်သည်။ လီဗာပူးတို့ တိုက်စစ်နှင့်ခံစစ်ကို စနစ်တကျ အသုံးချနိုင်မှသာလျှင် ရရှိထားသော အောင်မြင်မှုကို ကာကွယ်နိုင်ပေလိမ့်မည် ဖြစ်သည်။ သို့သော်လည်း နှစ်သင်းစလုံး ပထမအကျော့ပွဲစဉ်ကထက် ပို၍ခြေစွမ်းပြနိုင်ကြလိမ့်မည် ဖြစ်သလို ခပ်ကြမ်းကြမ်း ကစားသည့်ပြိုင်ပွဲလည်း ဖြစ်လာနိုင်သည်။

ထိုနေ့ညတွင် လီယွန်နှင့် ရီးမားတို့လည်း အကြိတ်အနယ်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ယင်းတို့သည် ပထမအကျော့တွင် ဂိုးမရှိ သရေကျထားသည်။ ယခုဒုတိယအကျော့တွင် ရီးမားတို့ လီယွန်ကွင်းသို့ သွားရောက်ကစားရမည် ဖြစ်သည်။ လီယွန်တို့ ခြေစွမ်းပြ အနိုင်ရနိုင်သည်။

ထို့အတူ ဗလင်စီယာနှင့် အင်တာမီလန်တို့သည်လည်း ပထမအကျော့ အင်တာမီလန်ကွင်း၌ တစ်ဖက်နှစ်ဂိုးစီ သရေကျထားသည်။ ယခု တစ်ဖန် ဗလင်စီယာကွင်း၌ အင်တာမီလန်တို့ သွားရောက်ကစားရမည် ဖြစ်သည်။ နှစ်သင်းစလုံး ခြေစွမ်းတူညီကြသည့် အသင်းများဖြစ်သည်။ အမှားအယွင်းနည်းသော အသင်းသည်သာလျှင် အောင်ပွဲဆင်လိမ့်မည်ဟု မျှော်လင့်ရသည်။

မတ် ၇ ရက် ညပိုင်းတွင် အဓိက စိတ်ဝင်စားမှုအရှိဆုံးပြိုင်ပွဲကြီးကတော့ မန်ယူနှင့် လိုင်လီတို့၏ အားပြိုင်မှုပင်ဖြစ်သည်။ မန်ယူတို့ ပထမအကျော့တွင် လိုင်လီအိမ်ကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် ရလဒ်ကောင်းရထားသည်။ ယခုဒုတိယအကျော့တွင် လိုင်လီတို့ မန်ယူ၏ အိုးထရက်ဖို့ဒ်သို့ လာရောက်ကစားရမည် ဖြစ်သည်။

မျှော်လင့်

မည်သို့ပင်ရှိစေကာမူ မန်ယူနည်းပြ ဖာဂူဆန်ကတော့ ပထမအကျော့ ရလဒ်ကောင်းနှင့် အိမ်ကွင်းအားသာချက်ကို အခွင့်ကောင်းယူ၍ လူစုံထုတ်၊ ခြေကုန်ထုတ် ကစားပြီး ကွာတားဖိုင်နယ်ပွဲဆီသို့ အရောက်လှမ်းလိမ့်မည်ဟု မျှော်လင့်ရသည်။

သွားရောက်ကစားရမည်

အလားတူ ထိုနေ့ညတွင် ဘိုင်ယန်မြူးနစ်နှင့် ရီးရဲမက်ဒရစ်တို့ ပြိုင်ပွဲသည်လည်း စိတ်ဝင်စားစရာ ကောင်းသည်။ပထမအကျော့တွင်ရီးရဲမက်ဒရစ်က သုံးဂိုး-နှစ်ဂိုးဖြင့် အိမ်ကွင်း၌ အနိုင်ရထားသည်။ ယခု ဒုတိယအကျော့တွင် ဘိုင်ယန်မြူးနစ်ကွင်းသို့ သွားရောက်ကစားရမည် ဖြစ်သည်။ ဘိုင်ယန်မြူးနစ်တို့ ရီးရဲမက်ဒရစ်ကို အနည်းဆုံး သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရမှသာလျှင် ကွာတားဖိုင်နယ် တက်မည်ဖြစ်သည်။ သို့သော်လည်း ထိုရလဒ်ကို ရီးရဲမက်ဒရစ်တို့ အဖြစ်ခံလိမ့်မည် မဟုတ်ပေ။

ထို့အတူ အာဆင်နယ်အသင်းသည် အိမ်ကွင်း၌ အိုင့်ဟိုဗင်အသင်းကို ရှုံးကြွေးဆပ်ခွင့် ကြုံမည်ဖြစ်သည်။ ပထမအကျော့တွင် အာဆင်နယ်သို့ တစ်ဂိုး- ဂိုးမရှိဖြင့် အိုင့်ဟိုဗင်ကွင်း၌ ရှုံးနိမ့်ထားခဲ့သည်။ အာဆင်နယ်တို့ အိမ်ကွင်း၌ နှစ်ဂိုး-တစ်ဂိုး ကစားနိုင်မှသာလျှင် ကွာတားဖိုင်နယ် တက်နိုင်မည် ဖြစ်သည်။

တစ်ဖန် ထိုနေ့ညတွင် အေစီမီလန်နှင့် ဆဲလ်တစ်တို့လည်း ခြေစွမ်းပြကြမည် ဖြစ်သည်။ ယင်းတို့သည် ပထမအကျော့တွင် ဂိုးမရှိ သရေကျထားသည်။

သို့ဖြစ်၍ အင်္ဂလန်မြေမှ ချယ်လ်ဆီး၊ မန်ယူ၊ လီဗာပူးနှင့် အာဆင်နယ်တို့ နိုင်ပွဲအဖြေရှာပြီး ကွာတားဖိုင်နယ်တက်မည်လား၊ အခြားသော ဥရောပလိဂ်အသင်းများအနိုင်ရမည်လားဆိုသည့် အဖြေကို မတ်၆ရက်နှင့် ၇ရက် ညချမ်းကာလမှာ ဘောလုံးပရိသတ်များ စောင့်ကြည့်ရဦးမည်ဖြစ်သည်။ ။

(ကိုးကား-အင်တာနက်သတင်းများ)

မန်ယူ တိုက်စစ်မှူး ရွှန်နေ

မန်ယူ ရှေ့တန်းတိုက်စစ်မှူး ရွှန်နေ၏ ကစားဟန်။
(ဓာတ်ပုံ-အင်တာနက်)

ပရီမီယာလိဂ် ဖလားနှင့် နီးစပ်ပြီဟု ဖာဂူဆန်ပြောကြား

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

မန်ယူနည်းပြ ဖာဂူဆန်။
(ဓာတ်ပုံ-အင်တာနက်)

လန်ဒန် မတ် ၅

မိမိတို့အနေဖြင့် လီဗာပူးအားအဝေးကွင်း၌အနိုင်ရရှိခဲ့ခြင်းသည် ပရီမီယာလိဂ် ဖလားရရှိရေးကို ပိုမိုနီးစပ်သွားစေခဲ့ကြောင်း မန်ယူနည်းပြ ဖာဂူဆန်က ပြောကြားလိုက်သည်။

တွန်းပို့

မန်ယူသည် လီဗာပူးအား ၁၀ ဦးတည်းဖြင့် အနိုင်ရရှိအောင် ကစားနိုင်ခဲ့ပြီး ကံကောင်းထောက်မစွာ အနိုင်ရရှိခဲ့ခြင်းမှာ ပရီမီယာလိဂ်ဖလား ရရှိစေရန် တွန်းပို့လိုက်ခြင်းဖြစ်သည်။ ယခုအခါ မန်ယူသည်ပရီမီယာလိဂ်၌ နောက်ထပ် ကိုးပွဲ ကစားရမည်ဖြစ်ပြီး ချယ်လ်ဆီးနှင့်လည်း လောလောဆယ်တွင် တစ်ပွဲလျော့ ကိုးမှတ်ပြတ်လျက်ရှိသည်။

မန်ယူအနေဖြင့် ပရီမီယာလိဂ်ဖလားရပြီဟု မပြောနိုင်သေးကြောင်း၊ ခက်ခဲစွာ ကြိုးစားရဦးမည်ဖြစ်ကြောင်း၊ ယနေ့ဘောလုံးပွဲများသည် မည်သည့်ရလဒ်ထွက်ပေါ်လာမည်ကို မိမိအနေဖြင့် ကြိုတင်ခန့်မှန်းနိုင်ခြင်း မရှိသေးကြောင်း ဖာဂူဆန်က ပြောကြားသည်။ လီဗာပူးတို့ ထိုနေ့က ကံမကောင်းသည့်နေ့ဖြစ်ခဲ့ကြောင်း၊ မိမိတို့ ယခုနှစ် ပရီမီယာလိဂ်ဖလားကို လက်လှမ်းနေပြီဖြစ်ကြောင်း ဖာဂူဆန်က ပြောကြားသည်။ **(အင်တာနက်)**

ဘက်ခမ်း ဒူးဒဏ်ရာရရှိ ချန်ပီယံလိဂ်ပွဲစဉ် လွဲဖွယ်ရှိ

မက်ဒရစ် မတ် ၅

စပိန်လာလီဂါ ပွဲစဉ် (၂၅)အဖြစ် ရီးရဲမက်ဒရစ်နှင့် ဂီတာဖေးတို့ မတ်၄ရက်တွင် ကစားခဲ့သည့်ပွဲတွင် ဒေးဗစ်ဘက်ခမ်း ဒူးခေါင်းဒဏ်ရာ ရရှိခဲ့သည်။

ရီးရဲမက်ဒရစ်မှ ဒေးဗစ်ဘက်ခမ်း။
(ဓာတ်ပုံ-အင်တာနက်)

အဆိုပါ ပွဲ၌ ဒုတိယပိုင်းပွဲချိန်အတွင်းဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ ဒေးဗစ်ဘက်ခမ်း၏ ညာဘက်ဒူးခေါင်းတွင် ဒဏ်ရာရရှိခဲ့ရာ လာမည့် မတ်၇ရက်၌ ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ဘိုင်ယန်မြူးနစ်နှင့်ကစားမည့်ပွဲတွင် ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်း ရီးရဲမက်ဒရစ်နည်းပြဖာဘီရိုကာပယ်လိုက ပြောကြားသည်။

ထို့အတူ အာဆင်နယ်မှ အငှားချထားသော ရေးယက်လည်း ဝဲဘက်ဒူးခေါင်းဒဏ်ရာကြောင့် ဘိုင်ယန်မြူးနစ်နှင့်ပွဲတွင် ပါဝင်ကစားနိုင်မည် မဟုတ်ကြောင်း ၎င်းကဆက်လက် ပြောကြားသည်။ **(အင်တာနက်)**

ဥရောပပြေးခုန်ပစ်ပြိုင်ပွဲ စတင် အမျိုးသားမီတာ ၄၀၀ ပြေးပွဲ အိုင်ယာလန် အပြေးသမား ရွှေတံဆိပ်ဆုရ

လန်ဒန် မတ် ၅

ဗြိတိန်နိုင်ငံ ဘာမင်ဂမ်မြို့တွင်မတ်၄ရက်က ကျင်းပသည့် (၂၉)ကြိမ်မြောက် ဥရောပပြေးခုန်ပစ်ပြိုင်ပွဲတွင် အမျိုးသား မီတာ၄၀၀ အပြေး ပြိုင်ပွဲ၌အိုင်ယာလန်မှ ဒေးဗစ်ဂီးလက်စ်က အနိုင်ရ ဗိုလ်စွဲခဲ့သည်။

ဆွတ်ခူး

အသက်(၂၃)နှစ် အရွယ်ရှိ ဒေးဗစ်ဂီးလက်စ်သည် မီတာ ၄၀၀ကို ၄၅ ဒသမ ၅၂စက္ကန့်ဖြင့်ပြေးကာ ပထမ ရွှေတံဆိပ်ဆု ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အမြန်ဆုံးလူသား

သူသည် မီတာ ၄၀၀ကို ၄၅ဒသမ ၅၂စက္ကန့်ဖြင့် ပြေးနိုင်ခဲ့သဖြင့် ကမ္ဘာပေါ်တွင် ဒုတိယ အမြန်ဆုံး လူသား တစ်ဦးအဖြစ်လည်းမှတ်တမ်း တင်နိုင်ခဲ့သည်။ ၂၀၀၅ ခုနှစ်က ၎င်း၏ မီတာ၄၀၀ အပြေး စံချိန်မှာ ၄၅ဒသမ ၉၁စက္ကန့် ဖြစ်သည်။

ပြောကြား

ဒေးဗစ်ဂီးလက်စ်၏ ယခုစံချိန်မှာ ဥရောပ၌ ယခုနှစ်အတွင်း အကောင်းဆုံး စံချိန်ဖြစ်ကြောင်း ဥရောပ ပြေးခုန်ပစ် အဖွဲ့ချုပ်က ပြောကြားသည်။

(အင်တာနက်)



ထိုင်းနိုင်ငံတွင်အလုပ်လုပ်ရန် လုပ်သားများခေါ်ယူခြင်း

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် တရားဝင်မှတ်ပုံတင်ထားသော Virtue International Limited မှ ထိုင်းနိုင်ငံတွင် အလုပ်လုပ်ရန်အတွက် အထွေထွေလုပ်သားများ လိုအပ်နေပါသည်။

* လုပ်သားအရေအတွက် – ၂၅၀
* အသက်အပိုင်းအခြား – အသက် ၂၀–၄၀
* အခြေခံလစာ – တစ်နေ့လျှင် ဘတ်ငွေ ၁၈၀နှင့်အထက်
* အချိန်ပို – တစ်နေ့လျှင် နှစ်နာရီနှင့်အထက်
* အချိန်ပိုလုပ်ခ – ၁ ဒသမ ၅ဆ ရရှိမည်။
* နေရာထိုင်ခင်း – အလုပ်ရှင်မှ စီစဉ်ပေးမည်။
* ဝန်ဆောင်ခ – FEC 100 နှင့်ညီမျှသော မြန်မာကျပ်ငွေ

ခွင့်ရက်နှင့် အလုပ်ပိတ်ရက်တို့သည် ထိုင်းနိုင်ငံ ဥပဒေအတိုင်းဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက

Virtue International Limited

အမှတ် ၇၂(၃–A)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။

ဖုန်း–၀၁–၂၉၀၂၇၀၊ ၀၁–၂၀၂၃၉၆၊ ၀၉–၅၀–၁၆၉၁၉ စုံစမ်းနိုင်ပါသည်။

နယ်ကိုယ်စားလှယ်ရုံးခွဲ လုံးဝမရှိပါ။

သတ္တုတွင်းဝန်ကြီးဌာန
ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနအတွက်
တင်ဒါခေါ်ယူခြင်း

၁။ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနတွင် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ယှဉ်တွဲပါအရေအတွက်အတိုင်း ဝယ်ယူလိုပါသည်–

(က)	ကွင်းဆင်းဝတ်စုံ	၅၀၀ စုံ
(ခ)	လွန်တူးဝတ်စုံ/မိုးကာ	၅၀ စုံစီ
(ဂ)	ရုံးသုံးစက္ကူများ (A3, A4) Foreign	၃၀၀ ထုပ်စီ

၂။ တင်ဒါပေးသွင်းမှုကို ၁၄–၃–၂၀၀၇ရက် မွန်းတည့် ၁၂နာရီတွင် ပိတ်ပါမည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
ဝယ်ယူရေးဌာနစု
အမှတ်၉၀၊ သစ္စာလမ်း၊ ကံဘဲ့၊ ရန်ကင်း၊ ရန်ကုန်မြို့၊ ဖုန်း–၅၆၂၃၃၇။

ဘွဲ့အမည်ပြောင်းလဲခြင်း

မြန်မာနိုင်ငံကူးလက်မှတ် အမှတ်–၃၁၉၆၃၃ ကိုင်ဆောင်သူ ဦးနန္ဒမေဓာ၏ ဘွဲ့အမည်မှ အနန်းရှဲန်ဆဝမ် ဘွဲ့အမည်သို့ပြောင်းလဲပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **အနန်းရှဲန်ဆဝမ်။**

မြန်မာ့ရုပ်မြင်သံကြား

၆–၃–၂၀၀၇ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇း၅၀ ၆။ ကဗျာပန်းဥယျာဉ်
၈း၀၀ ၇။ အတီးပြိုင်ပွဲ
၈း၁၅ ၈။ နှောင်းခေတ်တေးပဒေသာ
၈း၂၅ ၉။ မင်းလှရေလှောင်တမံ
၈း၃၀ ၁၀။ International News
၈း၄၅ ၁၁။ Let's Go
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၄ခုနှစ်)
၁၆း၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]
၁၇း၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇း၁၅ ၆။ ခံစားနားဆင် တေးဓာတ်ဝင်
၁၇း၂၅ ၇။ **"အန္တရာယ်ဆိုတာလက်တစ်ကမ်းမှာ"** စိုးသူ၊ နန်းကလျာလှိုင် (ဒါရိုက်တာ–စောစန္ဒာလှိုင်)
၁၇း၃၀ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၁၈း၀၀ ၉။ ညနေခင်းသတင်း
၁၈း၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၁။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၁၈း၅၀ ၁၂။ တမာနှင့်ဖိုးနီရေလှောင်တမံ
၁၉း၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သစ္စာ ဘဝပင်ခြားသော်လည်း"** (အပိုင်း–၁)
၂၀း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"တကယ်သဘောကျတယ်"** (အပိုင်း–၂၉)
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။







ထိုင်းနိုင်ငံတွင်အလုပ်လုပ်ရန် လုပ်သားများခေါ်ယူခြင်း

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် တရားဝင်မှတ်ပုံတင်ထားသော Vertex Palace Services Company Limited(အထွေ့ထိပ်နန်းတော်)မှ ထိုင်းနိုင်ငံတွင်အလုပ်လုပ်ရန်အတွက် အထွေထွေလုပ်သားများလိုအပ်နေပါသည်။

* လုပ်သားအရေအတွက် – ၂၅၀
* အသက်အပိုင်းအခြား – အသက် ၂၀–၄၀
* အခြေခံလစာ – တစ်နေ့လျှင် ဘတ်ငွေ ၁၈၀ နှင့်အထက်
* အချိန်ပို – တစ်နေ့လျှင် နှစ်နာရီနှင့်အထက်
* အချိန်ပိုလုပ်ခ – ၁ ဒသမ ၅ဆ ရရှိမည်။
* နေရာထိုင်ခင်း – အလုပ်ရှင်မှ စီစဉ်ပေးမည်။
* ဝန်ဆောင်ခ – FEC 100 နှင့်ညီမျှသော မြန်မာကျပ်ငွေ

ခွင့်ရက်နှင့် အလုပ်ပိတ်ရက်တို့သည် ထိုင်းနိုင်ငံ ဥပဒေအတိုင်းဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက

Vertex Palace Services Company Limited

အမှတ် ၁၉၁၊ ပထမထပ်(ယာ)၊ ဆိပ်ကမ်းသာလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊

ဖုန်း–၀၁–၂၅၆၇၂၃၊ ၀၉–၅၁၅–၁၀၆၄ စုံစမ်းနိုင်ပါသည်။

နယ်ကိုယ်စားလှယ်ရုံးခွဲ လုံးဝမရှိပါ။

ဂုဏ်ရည်ဆေးတိုက်မှ ဗဟန်း(၃)လမ်း အမှတ် ၁၁ တွင် ဆေးများကို ၁၆–၂–၂၀၀၇ရက်မှစ၍ ရရှိနိုင်ပါသည်။

ဂရင်ဂျီနာ၊အတွင်း/ပြင်လိပ်ခေါင်း၊သွေးချိုဆီးချို၊ကျောက်ကပ်၊ဆီးကျိတ်၊လေးဖက်နာ၊ ဂေါက်ရောဂါ၊ အဆီကျ၊ ထိပ်ကပ်နာ၊ သွေးတိုးကျ၊ အဖြူဆင်းပျောက်ဆေး၊ ချောင်းဆိုး၊ အသည်း၊ အဖုအကျိတ်၊ ဝဲနှင်းခူဆေးများကို ရရှိနိုင်ပါသည်။

အချိန် – နံနက် ၁၀ နာရီမှ ညနေ ၃ နာရီ

ဖွင့်ရက် – တနင်္လာ၊ အင်္ဂါ၊ သောကြာ၊ စနေ

ပင်ရင်း ၈၂(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်။

ပင်ရင်းတွင်လည်းရနိုင်သည် (တနင်္ဂနွေနေ့ပိတ်သည်)၊ ဖုန်း–၆၄၁၅၀၁။

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

မြောက်ဥက္ကလာပ စက်မှုဇုန်မြေ ပေ ၈၀ x ပေ ၂၅၀ ပေါ်ရှိ RC အဆောက်အအုံ၊ ပါဝါ၊ ရေမီးအပါအဝင်။

မိတ္ထီလာ စက်မှုဇုန်မြေ ပေ ၂၀၀ x ပေ ၁၀၀ ပေါ်ရှိ RCအဆောက်အအုံ၊ ပါဝါ၊ ရေ၊ မီးအပါအဝင်။

ဖုန်း–၀၉–၅၁၁၈၂၃၁၊ ၇၁၀၀၅၆၊ ၀၉–၈၀၂၃၆၆၅။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ စံရိပ်ငြိမ်၊ (၂)ရပ်ကွက်၊ စံရိပ်ငြိမ် ၄လမ်း၊ အမှတ် ၃၀၏ ပထမထပ်(ဟောတိုက်) ၂၅ပေ x ၄၅ပေ တိုက်ခန်းကို ကျွန်ုပ်အမှုသည် ဦးခိုင်ဝင်း ၁၂/ဗတထ(နိုင်)၀၀၀၀၇၈သည် အခန်းပိုင်ရှင် (မြေရှင်)ဖြစ်သူ ဒေါ်သီတာသောင်းထံမှဝယ်ယူလျက် လက်ရှိထား ပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါတိုက်ခန်းကို ပြန်လည်ရောင်းချရန်အတွက် စရန်ငွေရယူထားပြီးဖြစ်ပါ၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားဖြင့် ယနေ့မှ ၁၀ရက်အတွင်း ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ရုံး–အမှတ်၅၀၊ ဘဏ်လမ်း၊	**ဦးလှမင်း(ပေါင်းတည်)**
စီ/၃ (ပထမထပ်)	**LL.B (Advocate)**
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊	**တရားရုံးချုပ်ရှေ့နေ။**
ဖုန်း–၀၉–၉၉–၇၁၃၉၇။	

အမည်ပြောင်း အဖ ဦးထွန်းထွန်းလှိုင်၏သား၊ တာမွေ အမက(၇)စတုတ္ထတန်း A-III မှ မောင်သော်ဇင်ဟန်အား မောင်သော်ဇင်ဟိန်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်သော်ဇင်ဟိန်း။**

မော်လမြိုင်မြို့၌ မီးလောင်

ရန်ကုန် မတ် ၅

မွန်ပြည်နယ် မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက် ကျိုက်မရောလမ်း ဖက်ခင်းရပ်နေ ဦးငွေအောင်၏နေအိမ်၌ မတ်၄ရက် ညနေ၆နာရီခန့်တွင် ဓာတ်ဆီပုံးအတွင်း ဓာတ်ဆီထည့်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ရာ အိမ်လေးလုံး မီးလောင်ကျွမ်းခံရပြီး လူ၁ဦး အိုးမဲ့အိမ်မဲ့ဖြစ်ကာ လူနှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ကြီးမှူး ခရိုင်အလိုက် မူကြိုအရွယ်ကလေးများ ဘက်စုံစွမ်းရည်ပြိုင်ပွဲ ဆုချီးမြှင့်

မုံရွာ ဖေဖော်ဝါရီ ၁၈

စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ခရိုင်အလိုက် မူကြိုအရွယ် ကလေးများဘက်စုံစွမ်းရည်ပြိုင်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် နံနက်၉နာရီက မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲတွင် အကပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊သီချင်းဆိုပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲများကို ခရိုင်သုံးခရိုင်မှ မူကြိုကလေးငယ်များက ပါဝင်ယှဉ်ပြိုင်ကြသည်။

ခရိုင်အလိုက် မူကြိုအရွယ်ကလေးများ ဘက်စုံစွမ်းရည်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ရက် နံနက် ၉ နာရီက ကျင်းပရာ ရှေးဦးစွာ တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ကျော်ရှိန်က အဖွင့်အမှာစကားပြောကြားပြီး ကာယ၊ ဉာဏ ဘက်စုံစွမ်းရည်ပြိုင်ပွဲအတွက် အလှူငွေကျပ်၁၀ သိန်းကို ဒုတိယတိုင်းမှူး၏ဇနီး ဒေါ်အေးအေးထံသို့ ဟွန်ဒါမြန်မာ ကုမ္ပဏီက ပေးအပ်သည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ ဒုတိယတိုင်းမှူး၏ ဇနီး ဒေါ်အေးအေးက အကပြိုင်ပွဲတွင် ပထမ၊ဒုတိယ၊ တတိယ ဆုရရှိသော ကလေးများအား လည်းကောင်း၊ တိုင်း အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြင့်သူက အကြီးအဆင့် ကဗျာပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား လည်းကောင်း၊ တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့အတွင်းရေးမှူးဒေါက်တာ ကျော်ရှိန်နှင့် အဖွဲ့ဝင်များက ပြိုင်ပွဲအသီးသီးတွင် ဆုများရရှိကြသော ကလေးများအား လည်းကောင်း ဆုများ ချီးမြှင့်ပေးသည်။

(ခရိုင် ပြန်/ဆက်)

ရွှေပြည်သာဘုရား နှစ်(၁၀၀)ပြည့် ဗုဒ္ဓပူဇနိယပွဲကျင်းပ

ပျော်ဘွယ် ဖေဖော်ဝါရီ ၁၃

ပျော်ဘွယ်မြို့ ရွှေပြည်သာဘုရား နှစ်(၁၀၀)ပြည့် ဗုဒ္ဓပူဇနိယပွဲတော် **(အပေါ်ပုံ)** ဖွင့်ပွဲကို ဖေဖော်ဝါရီ ၈ရက် နံနက်၉ နာရီက စေတီတော်မုခ်ဦး၌ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် ဒုတိယဗိုလ်ချုပ်ကြီး မင်းသိန်း (ငြိမ်း)၊ နယ်မြေခံတပ်နယ်မှူး၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြစိန်တို့က ဖဲကြိုးဖြတ်၍ ပွဲတော်ကို ဖွင့်လှစ်ပေးကြသည်။

နှစ်(၁၀၀)ပြည့် ပွဲတော်အထိမ်းအမှတ်တွင်မြန်မာနိုင်ငံ ဂီတအစည်းအရုံးဝင်များ ပါဝင်သော လက်ရွေးစင်ဘောလုံးအသင်းနှင့် မြို့နယ်လက်ရွေးစင်အသင်းတို့သည် မြို့နယ်အားကစားကွင်း၌ ချစ်ကြည်ရေးဘောလုံး ယှဉ်ပြိုင်ကစားကြသည်။

စည်ကားစွာ

ညပိုင်းတွင် မြန်မာနိုင်ငံ ဂီတအစည်းအရုံးဝင် နိုင်ငံကျော်အဆိုတော်များက တေးဂီတဖြင့်ဖျော်ဖြေတင်ဆက်ကြပြီး ပွဲတော်တွင် ဇာတ်ပွဲ၊ ချောတိုင်တက်ပွဲ၊ အရောင်းဈေးဆိုင်များနှင့် စားသောက်ဆိုင်များဖြင့် စည်ကားစွာ ကျင်းပသည်။

(၂၅၀)

ပန်းတနော်မြို့နယ် သံဃနာယကအဖွဲ့ ၂၅ရာခိုင်နှုန်း ရွေးချယ်

ပန်းတနော် ဖေဖော်ဝါရီ ၁၀

ပန်းတနော်မြို့နယ် သံဃ နာယကအဖွဲ့၏ ၂၅ရာခိုင်နှုန်း ရွေးချယ်တင်မြှောက်ပွဲကို ဖေဖော်ဝါရီ ၂ရက် နံနက် ၈နာရီက ပန်းတနော်မြို့ သာသနဟိတ ရာမပုစန်းကျောင်းတိုက်မင်္ဂလာမွှာရုံ၌ ကျင်းပရာ ဧရာဝတီတိုင်းသံဃနာယကအဖွဲ့အကျိုးတော်ဆောင် ဆရာတော်ဦးကေသရ၊ တိုင်း သာသနာရေးအရာရှိ ဦးအေဝမ်းနှင့် တိုင်း သံဃနာယက အဖွဲ့ဝင် ဆရာတော်များ ကြွရောက်တော်မူကြသည်။

အခမ်းအနားသို့ ဧရာဝတီတိုင်း သံဃနာယက အကျိုးတော်ဆောင်ဆရာတော် ဦးကေသရ၊မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဦးပညာသာမိ (မဟာသဒ္ဓမ္မဇောတိကဓဇ) နှင့် မြို့နယ်သံဃနာယကအဖွဲ့ဝင်ဆရာတော်များ၊မြို့နယ်အတွင်းရှိ သံဃာ့ဝန်ဆောင်ဆရာတော်၈၂ပါး တို့ ကြွရောက်တော်မူကြသည်။ (အပေါ်ပုံ)

အခမ်းအနားတွင် တိုင်းသံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ဦးကေသရက သြဝါဒကထာမိန့်ကြားပြီး မြို့နယ်ဥက္ကဋ္ဌ ဦးမြဦးက သာသနာရေးဆိုင်ရာများကို လျှောက်ထား၍ မြို့နယ်သံဃာ့ဝန်ဆောင်ဆရာတော်များကမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဦးပညာသာမိပါဝင်သည့် အဖွဲ့အားရွေးချယ်တင်မြှောက်ကြသည်။

(၃၂၇)

မတ္တရာမြို့ ရေနံ့သာအခြေခံပညာအထက်တန်းကျောင်းခွဲ ပညာရည်ချွန်ဆုပေး၊ ငွေပဒေသာပင် စိုက်ထူလှူဒါန်း

မတ္တရာ ဖေဖော်ဝါရီ ၇

မတ္တရာမြို့နယ် ရေနံ့သာအခြေခံပညာ အထက်တန်းကျောင်းခွဲ၌ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ၊ ငွေပဒေသာပင် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၉ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်/ဆက် ဦးစီးဌာနဦးစီးမှူးဦးမျိုးမြင့်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်း၊ ကျေးရွာဥက္ကဋ္ဌဦးဗထူး၊ မြို့နယ်ငါးလုပ်ငန်း စခန်းတာဝန်ခံ ဦးဇော်မင်းနောင်၊ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌဦးဖိုးကျော်၊ ကျေးရွာအသင်းစည်းရုံးရေးမှူး ဦးအောင်လှတို့က ငွေပဒေသာပင် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ဆက်လက်၍ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန်ဆုရ ကျောင်းသားကျောင်းသူများကို ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူတို့က ဆုများ ချီးမြှင့်ပေးအပ်ပြီး ငွေပဒေသာပင်အလှူရှင်၇၀က ငွေကျပ်၁၃သိန်းခန့်လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မ(၄)ရပ်ကွက် အုတ်ရေကန် ပြုလုပ်ပြီးစီးမှုအခြေအနေကို မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်နှင့်အဖွဲ့ ဖေဖော်ဝါရီ၁ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိဒုတိယ ညွှန်ကြားရေးမှူး ဦးမောင်မောင်အေးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဘီးလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ဈေးသူဈေးသားများ စုပေါင်း၍ ဇန်နဝါရီ ၁၃ရက်က မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

တောင်တွင်းကြီးမြို့နယ်မဂ္ဂဇင်းအတွက် စာမူများဖိတ်ခေါ်

တောင်တွင်းကြီး မတ် ၃

တောင်တွင်းကြီးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က တောင်တွင်းကြီးမြို့နယ်မဂ္ဂဇင်းအမှတ်(၂)ကို ထုတ်ဝေမည်ဖြစ်ရာ စာမူများကို ဧပြီ၃၀ရက် နောက်ဆုံးထား၍လည်းကောင်း၊ မတည်လှူဒါန်းကြသူများနှင့် စာမူရှင်များ၊ ကြော်ငြာရှင်များကို မဂ္ဂဇင်းတစ်အုပ်စီ လက်ဆောင်ချီးမြှင့်မည်ဖြစ်ပြီး စာမူနှင့် အလှူငွေများကို ဦးတိုးမြင့် (အထက်တန်းကျောင်းအုပ်ဆရာကြီး-ငြိမ်း) တောင်ပြင်(၂)ရပ်ကွက် တောင်တွင်းကြီး၊ ဦးခင်မောင်ရင်(မန်နေဂျာ)ရောဖြိုးတည်းခိုခန်း မကွေးလမ်း တောင်တွင်းကြီး ဖုန်း-၀၆၃-၅၀၄၃၉၊ ဦးကျော်စိုး(မောင်ကျေးရှူး) စာတည်းပညာတန်ဆောင်မဂ္ဂဇင်း အမှတ်(၃) ရန်အောင်လမ်း စမ်းချောင်း ရန်ကုန်မြို့ ဖုန်း-၀၁-၅၃၉၇၃၈၊ဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိ)အမှတ်၄၇၄ နတ်စင်လမ်း ရွာမအနောက် ရပ်ကွက် အင်းစိန် ရန်ကုန်မြို့ ဖုန်း-၀၁-၆၄၀၄၈၇၊ ၆၄၀၄၈၉ နှင့် ဦးဝိုင်းမောင် ဖုန်း-၀၆၃-၂၂၂၁၇ တို့သို့ ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကကြီးမှူးကျင်းပသော(၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကို ဇန်နဝါရီ ၂၉ရက်က ရွှေတောင်မြို့ အခြေခံပညာအထက်တန်းကျောင်း ရတနာခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဝင်းက ဆုရသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (ကြံ့ခိုင်ဖွံ့ဖြိုးရေး)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ်
တပေါင်းလပြည့်ကျော် ၅ ရက်
၇-၃-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ တရားတော်
(ဦးဥတ္တမသာရဆရာတော်ကြီး၏ မင်္ဂလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ နိုင်ငံ့စီးပွားရေးလုပ်ငန်းများ
(မြစ်ကြီးနားမြို့နယ်၊ ရှဒေါင်ကျေးရွာ အနီးရှိ ကျွန်း၊ ပျဉ်းကတိုး စိုက်ခင်းများအကြောင်း)

၁၂:၀၀ ယဉ်ကျေးမှုအနုပညာ
(ပုဂံခေတ်ဗုဒ္ဓဆင်းတုတော်များ)
(မျိုးညွန့်အောင်-အရိမဒ္ဒန)

၁၂:၂၅ သူ့အတွေးနှင့် သူ့အရေး
(အမွှေ-ခိုင်စန်ရွှေ)

၁၂:၃၅ သီချင်းကြီးပဒေသာ
(၁) အောင်မြေမြမန်းပတ်ပျိုး
(ပပမြိုင်)
(၂) မော်တင်လယ်ပတ်ပျိုး
(မော်ဘီရဲနိုင်ထွန်း)
(၃) ဆန်းနွှေဦးယိုးဒယား(ဝါဝါ)

ညနေပိုင်း

၁၆:၁၀ ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (ဓာတုဗေဒ)

၁၇:၀၀ ခံစားနားဆင်
မြန်မာတေးသံစဉ်
(၁) အချစ်ကို ဘယ်လိုပြောရမယ်
(မောင်မောင်ကြီး)
(၂) အမိုက်မလေးနွေ
(စိုးစန္ဒာထွန်း)
(၃) အဖြူသက်သက်မေတ္တာနဲ့
(ခင်မောင်ကြီး)

၁၇:၃၀ အစာနှင့်အာဟာရ
(လက်ပံပွင့်နှင့် လက်ပံခေါင်း)

၁၇:၄၅ သူ့လက်သံ
(မန္တလေးတိုင်းမှ မောင်ကောင်းမြတ်သူနှင့် စစ်ကိုင်းတိုင်းမှ မောင်ဇော်မင်းအောင်၏ စန္ဒရားလက်သံ)

၁၈:၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) မီးငယ်လေးဖတ်ဖို့(၅)
(သဲအောင်)
(၂) မန္တလေးကိုဖြတ်၍
(တက္ကသိုလ်နန္ဒမိတ်)

၁၉:၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး
[မန်းသီရိတေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သည့် ဂန္ထဝင် သုံးဖော်(၃)စီးရီး]

၂၀:၃၀ ခံစားနားဆင်
မြန်မာတေးသံစဉ်
(၁) မိန်းကလေးဘဝပါရှင်
(ကြည်ကြည်ဝင်း)
(၂) နွေမှာရာတဲ့နှင်း (တင်ဦးလေး)
(၃) ဝိုင်းဝိုင်းလည်
(သန်းသန်းဆင့်)

လောကချမ်းသာ ဗုဒ္ဓရုပ်ပွားဆင်းတုတော် ပင့်ဆောင်ပူဇော်ပွဲ ချမ်းမြသာစည်မြို့နယ်၌ ကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၁၀

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ် မြတဘက်ကျောင်းတိုက်အတွင်း ကိန်းဝပ်စံပယ်တော်မူမည့် ဉာဏ်တော် ၇ ပေအမြင့်ရှိ လောကချမ်းသာ ဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်အား ပင့်ဆောင်ပူဇော်ပွဲကို ဇန်နဝါရီ ၂၅ရက် နံနက်ပိုင်းက အဆိုပါကျောင်းတိုက်တွင် ကျင်းပရာ မြတဘက်ကျောင်းတိုက်ဆရာတော် ဦးရာဇိန္ဒနှင့် သံဃာတော်များ ကြွရောက်တော်မူပြီး ဝတ်အသင်းများ၊ အလှူရှင်မိသားစုများ တက်ရောက်ကြည်ညိုကြသည်။ **(အပေါ်ပုံ)**

ထို့နောက် အလှူရှင် မန္တလေးမြို့ ၈၁လမ်း၊ ၂၈လမ်းနှင့် ၂၉လမ်းကြားနေ ကိုမျိုးတင့်-မအိစံ(ဖြိုးမိသားစု)က လှူဒါန်းသော လောကချမ်းသာ ဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်အား ဆရာတော်၊ သံဃာတော်များဦးဆောင်၍ ကျောင်းတိုက်ဓမ္မာရုံအတွင်းသို့ပင့်ဆောင်ပူဇော်ကြပြီး အလှူရှင်မိသားစုက ဧည့်ပရိသတ်များကို သက်သတ်လွတ်အစားအစာဖြင့် ဧည့်ခံကျွေးမွေး ဒါနမှုပြုကြကြောင်း သိရသည်။ **(က-ပ)**

အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော သင်တောကျေးရွာ လက်တူးတွင်းအဆင့်မြှင့်ခြင်း လုပ်ငန်းကို ဖေဖော်ဝါရီ ၁၆ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးလွင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစန်းလွင်က ရှင်းလင်းတင်ပြစဉ်။ (၀၇၄)



ပလိပ်မြို့ ဓမ္မဗိမာန်တော်အတွက် အလှူငွေပေးအပ်

ပလိပ် ဖေဖော်ဝါရီ ၈

မန္တလေးတိုင်း စဉ့်ကိုင်မြို့နယ် သံဃနာယက ဆရာတော်ကြီး၏ ဩဝါဒကို ခံယူပြီး ပလိပ်မြို့ ရတနာလာဘမုနိဆုတောင်းပြည့် မြွေဘုရားကုန်းမြေတွင် တည်ဆောက်လျက်ရှိသော ဓမ္မဗိမာန်တော်အတွက် စစ်တက္ကသိုလ် အမှတ်စဉ် (၄၅)ဗိုလ်လောင်းသင်တန်း ကျောင်းဆင်းအရာရှိများက ပထမအကြိမ် ငွေကျပ် ၂၅ သိန်း လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၁ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကုန်းမြေ ဓမ္မာရုံတွင် ကျင်းပသည်။

အခမ်းအနားတွင် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးရဲညွှန့်က ဓမ္မဗိမာန်တော် ဆောက်လုပ်ရခြင်း အကြောင်းကို အကျယ်တဝင့် ရှင်းလင်း ပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ကျောင်းဆင်းအရာရှိများကိုယ်စား ဗိုလ်ကြီးဇေယျာလေးဆွေက လှူဒါန်းရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားကာ ငွေကျပ် ၂၅ သိန်းကို ဂေါပက ဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဂေါပကဥက္ကဋ္ဌဦးရဲညွှန့်က ဂုဏ်ပြုလွှာနှင့် မြွေဘုရားပုံတော်ကို အမှတ်တရပြန်လည်ပေးအပ်ကြောင်း သိရသည်။ **(မြို့နယ်စာနယ်ဇင်း)**

ကျိုင်းတုံမြို့ ရေပေးရေး ပိုက်လိုင်းများ သွယ်တန်း

ကျိုင်းတုံ ဖေဖော်ဝါရီ ၂၀

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်သော မြို့ရေပေးရေး ရေပိုက်လိုင်း သွယ်တန်းဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၉ရက်က စည်ပင်သာယာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းမောင်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးလှမျိုးတို့ ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ကျော်က လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မိဘများနှင့်ခင်ပွန်း ဦးကျော်အား ရည်စူး၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်နေ ဒေါ်အေးအေးကြွေ မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါ လမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) ဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း ဈေးသည်များ တည်ခင်းရောင်းချမှု၊ အစားအစာနှင့် အသား ငါးများ ယင်လုံဆန်ခါဖြင့် ဖုံးအုပ်ရောင်းချမှု၊ သန့်ရှင်းလတ်ဆတ်သော ပစ္စည်းများ ရောင်းချမှုတို့ကို ဖေဖော်ဝါရီ ၇ရက်က ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ဝင်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

နိဗ္ဗာန်ရှေ့ရှုတောရရိပ်သာသို့ အလှူရှင်များလှူဒါန်း

ရန်ကုန် မတ် ၅

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် အမှတ် ၅ မေခလမ်း သစ်ဆိမ့်ကုန်းရပ်ရှိ မိုးကုတ်ဝိပဿနာ နိဗ္ဗာန်ရှေ့ရှုတောရရိပ်သာအတွင်း ဆောက်လုပ်လျက်ရှိသော ဆရာတော် ဘဒ္ဒန္တသောဘန(ဓမ္မာစရိယ B.A)၏ ကျောင်းဆောင်အတွင်း၌ ဘုရားပလ္လင်ကို ဒေါ်ကြင်ငွေအားရည်စူး၍ ဦးသန်းအောင် ဇန်ဒါစတိုးမိသားစု ရန်မျိုးအောင်ရပ် မိတ္ထီလာမြို့ကလည်းကောင်း၊ ဘုရားခန်းကို ဦးငြိမ်းမောင်-ဒေါ်တူ၊ သားကိုခင်မောင်သက်-မမြင့်မြင့်၊ မြေးမောင်ထက်သူရအောင်၊ မမြသက်မွန် ရန်မျိုးအောင်ရပ် လမ်းမတော် မိတ္ထီလာမြို့တို့ကလည်းကောင်း၊ ဘုရားဆင်းတုတော်ကို ဦးဇော်ဝင်းနိုင်-ဒေါ်ခင်ဝင်းမြင့်၊ သားမောင်ကျော်ဇင်ငြိမ်း-မနွေးနွေးကျော်၊ မြေး မောင်မင်းသုတ ကံဦးရပ် မိတ္ထီလာမြို့ကလည်းကောင်း၊ အဝင်မုခ်ဦးသံတံတားကို နှစ်ဖက်သောမိဘများအား အမှူးထား၍ ကိုဇေယျာလှိုင်-မအိချိုခင် ခိုင်မာလာ ပီနံအိတ် ရောင်းဝယ်ရေးမိသားစု မိတ္ထီလာမြို့နှင့် ဦးအောင်မြတ်အား ရည်စူး၍ အမိဒေါ်စန်းရီနှင့် အစ်ကို အစ်မများအား အမှူးထား၍ ဒေါ်ခင်မာမာ မိတ္ထီလာမြို့တို့က အသီးသီးလှူဒါန်းကြသည်။ သင်္ကြန်အမီ ဓမ္မာရုံတော်ကြီး ဆောက်လုပ်နိုင်ရန်အတွက် လှူဒါန်းလိုပါက ဖုန်း-၀၉-၅၁ ၃၇၀၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကျပန်းစကားပြောပြိုင်ပွဲ မြင်းခြံမြို့၌ ကျင်းပ

မြင်းခြံ ဖေဖော်ဝါရီ ၁၀

မြင်းခြံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး ကျင်းပသည့် (၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် မြို့နယ်အဆင့် ကျပန်းစကားပြောပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၀ရက်က မြင်းခြံမြို့ မဏိကဥ္စနာခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးကျော်မျိုးနိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမိုးဇော်တို့က ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြကြောင်း သိရသည်။

(၄၀၂)

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် နောင်အန်ကျေးရွာ ကိုယ့်အားကိုယ်ကိုး ရုပ်မြင်သံကြားဖမ်းယူကြည့်ရှုရေးစခန်းဖွင့်ပွဲနှင့် ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်များပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက်က ပညာအလင်းစာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်၊ မြို့နယ် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံတာဝန်ခံ ဦးအောင်ကျော်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးစိုင်းစိန္ဒာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ပုလဲမြို့နယ် သံဃာ့ဝန်ဆောင်အဖွဲ့ အဆင့်ဆင့် အစားထိုးရွေးချယ်

ပုလဲ ဖေဖော်ဝါရီ ၄

စစ်ကိုင်းတိုင်း ပုလဲမြို့နယ်သံဃာ့ဝန်ဆောင်အဖွဲ့၏ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ၂၅ရာခိုင်နှုန်း အနားယူခြင်းနှင့် အစားထိုးရွေးချယ်ခြင်း အစည်းအဝေး အခမ်းအနားကို ဇန်နဝါရီ ၂၂ ရက်က ပုလဲမြို့ ငပုရင်းကျောင်းတိုက်တွင် ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ပူဇော်ဖွင့်လှစ်ပြီး သဘာပတိဆရာတော် စစ်ကိုင်းတိုင်း သံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ မုံရွာမြို့ ဇောတိကာရာမကျောင်းတိုက်မှ ဘဒ္ဒန္တသီလာနန္ဒက ဩဝါဒကထာ မြွက်ကြားသည်။

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်အေးက သာသနာရေးဆိုင်ရာကိစ္စများကို လျှောက်ထားတင်ပြပြီး အခမ်းအနားမှူးဆရာတော်က အနားယူဆရာတော်များ၏ အချက်အလက်များ တင်ပြပြီး အစားထိုးရွေးချယ်ခြင်းများကို ရှင်းလင်းသည်။

(မြို့နယ် ပြန်/ဆက်)

ဗဟန်းမြို့နယ် အမှတ်(၁၀)အခြေခံပညာ မူလတန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၂၅ရက်က ကျင်းပရာ Grade -1 မှ ဘာသာစုံတတိယဆုရ မအိမ်မျက်ကြည်ဖြူဇော်အား မိဘဆရာအသင်း နာယကဒါရိုက်တာ ဦးခင်ဇော်က ဆုချီးမြှင့်စဉ်။

(ပညာရေး)

ဖခင်ကြီး ဦးမြမောင်(ရထားကြီးကြပ်အုပ်ကြီး)အား ရည်စူး၍ ရေတာရှည်မြို့ အမှတ်(၄)ရပ်ကွက်နေ တွဲဖက်မြို့နယ်တရားသူကြီး ဒေါ်အေးအေးစန်းမိသားစုက ရေတာရှည်မြို့ အမှတ်(၄)ရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်းမှ ဖခင်မဲ့ ကျောင်းသား ကျောင်းသူ ၂၅ဦးတို့အား ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာ ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းနှင့် အာဟာရမုန့်များ ကျွေးမွေးလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၁ရက်က ကျောင်းခန်းမတွင် ကျင်းပစဉ်။ (က-ပ)

လင်းလက်အောင်စာကြည့်တိုက် အဆောက်အအုံလွှဲပြောင်း သုတ၊ ရသ စာအုပ်မျိုးစုံနှင့် အလှူငွေများလှူဒါန်း

မိတ္ထီလာ ဖေဖော်ဝါရီ ၁၅

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် မိတ္ထီလာမြို့ ကဖြူကျေးရွာအုပ်စု မင်းတဲကုန်းတလင်းကုန်းကျေးရွာ လင်းလက်အောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၁၁ နာရီက အဆိုပါ စာကြည့်တိုက်တွင် ကျင်းပသည်။

ဖွင့်လှစ်

ရှေးဦးစွာ လင်းလက်အောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်း

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းက အဖွင့်အမှာစကား ပြောကြားပြီး **(အောက်ပုံ)** ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်းက စာကြည့်တိုက်ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကဖြူကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်က ငွေကျပ် ၈၅၀၀၀၀ တန်ဖိုးရှိ စာကြည့်တိုက် အဆောက် အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိက လက်ခံယူသည်။

လှူဒါန်း

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်းက ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ သုတ၊ ရသစာအုပ်မျိုးစုံအုပ် ၂၀၀၊ ခရိုင်အသင်း အတွင်းရေးမှူး ဦးစောဌေးက သုတဂျာနယ်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုချိုသိန်းက ငွေကျပ် ၅၀၀၀၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဖြူဖြူခင်က ကျန်းမာရေးနှင့်ပတ်သက်သည့် စာအုပ်စာစောင်များ၊ မြို့နယ်အသင်းအတွင်းရေးမှူး ဦးစိုးသန်းက ဂျာနယ်များ၊ ရန်မျိုးအောင်ရပ်ကွက် ဦးစောဌေး–ဒေါ်ခင်ကြည်မိုးမိသားစုက အားကစားဂျာနယ်များ၊ မိတ္ထီလာမြို့နယ် မြေစာရင်းဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးစောအေးက ဓမ္မစာအုပ် ၄၁ အုပ်၊ ဦးသိန်းဝင်း–မမြင့်မြင့်မော်မိသားစုက စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကြရာ ကဖြူကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးအောင်မြင့်က လက်ခံယူသည်။

(ခရိုင် ပြန်/ဆက်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ် မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း)အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့်သာသနိက အဆောက်အအုံများဆောက်လုပ်ရန်အတွက် Mr. TOMOYUKI KARIBE-DAW MAY KHA AYE၊ သမီး KARIBE MISATOအမှတ် ၉၁ ဂျေ ၂ သံလွင်လမ်း ဗဟန်းမြို့နယ် ရန်ကုန်တိုင်းက အမေရိကန်ဒေါ်လာ ၃၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းဆရာတော် အောင်တော်မူ ဒေါက်တာ အရှင်သုန္ဒရ(လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ မြန်မာ့ရိုးရာ ထမနဲပွဲ မြိတ်မြို့၌ကျင်းပ

မြိတ် ဖေဖော်ဝါရီ ၁၀

တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ မြန်မာ့ရိုးရာယဉ်ကျေးမှု ထမနဲထိုးပွဲကိုဖေဖော်ဝါရီ ၁ရက် နံနက်ပိုင်းက မြိတ်မြို့ မြို့မအားကစားကွင်းတွင် ကျင်းပရာ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးကျော်နှင့် အတွင်းရေးမှူး ဒေါက်တာအေးအေးသိန်းတို့ ကြည့်ရှု အားပေးကြသည်။

ထို့နောက် အမျိုးသမီးရေးရာ အဖွဲ့ဝင်များသည် ထမနဲများကို မြိတ်မြို့ရှိ ဘုန်းတော်ကြီးကျောင်း ၁၈ကျောင်းသို့ သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် ဇာတ်ငါးရာ – ရွာသစ်လမ်း ကျောက်ချောခင်းရန် ကျောက်များ စုဆောင်းထားမှုကို ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးစိုးလွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ဖေယျနှင့်တာဝန်ခံ အင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဖေဖော်ဝါရီ ၈ရက်က ပဲခူးတိုင်း (အနောက်ပိုင်း) မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော သစ်တူးအိုင်ရှားပင်ကွေ့ ကျေးလက်မြေသားလမ်းလုပ်ငန်း ဆောင်ရွက်မှုကို အမှုဆောင် အရာရှိ ဦးစိုးမြင့်နှင့် အငယ်တန်း အင်ဂျင်နီယာ(၃) ဒေါ်ဥမ္မာစောတို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး စက်ရေတွင်းများ လှူဒါန်းနိုင်

ရန်ကုန် မတ် ၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့်တိုင်းများရှိ ရေရှားပါးသည့် ကျေးလက်ဒေသများ၌ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

စက်ရေတွင်း လှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မ စက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၂၅၀၀၀၀၊ နှစ်လက်မ စက်ရေတွင်း အနက်ပေ ၄၀၀ တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၅၀၀၀၀၀၊ လေးလက်မ စက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၅၀၀၀၀၀နှုန်းဖြင့် လှူဒါန်းနိုင်သည်။

စက်ရေတွင်း လှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း–၀၆၇–၄၀၈၀၂၆၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း–၀၆၇–၄၀၈၃၆၂၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဖုန်း–၀၁–၂၈၁၈၆၇၊ ညွှန်ကြားရေးမှူး (ဘဏ္ဍာ) ဖုန်း–၀၆၇–၄၀၈၄၀၇၊ ညွှန်ကြားရေးမှူး (စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း–၀၇၁–၂၂၇၆၀၊ ညွှန်ကြားရေးမှူး (မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း–၀၆၃–၂၃၁၆၄၊ ညွှန်ကြားရေးမှူး(မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း–၀၂–၅၄၆၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မြောင်းမြမြို့၌ ကျေးရွာချင်းဆက် မြေသားလမ်းဖောက်

မြောင်းမြ ဖေဖော်ဝါရီ ၇

မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော ပုဆိုးကွင်း–တပင်ချောင်း–ပွဲညက်စမ်း–ကညင်ချောင်းဖျား ကျေးရွာချင်းဆက်မြေသားလမ်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဆန်းဝင်းနှင့်အဖွဲ့ လမ်းဖောက်လုပ်မှုကို ဇန်နဝါရီ ၁၈ ရက်က မြို့နယ်အမှုဆောင်အရာရှိ ဦးစိုးဝင်းနှင့် အင်ဂျင်နီယာမှူး ဦးထွန်းထွန်းနိုင်တို့က ကွင်းဆင်းကြီးကြပ်ပေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ထားဝယ်မြို့၌ ယဉ်ကျေးမှုသင်တန်း ဖွင့်မည်

ထားဝယ် မတ် ၅

တနင်္သာရီတိုင်း ထားဝယ်ခရိုင် လေးမြို့နယ်လုံးဆိုင်ရာ ထားဝယ်မြို့ မြို့မယဉ်ငေး သာသနာ့ရိပ်သာ ပဓာနနာယကဆရာတော်များ ဦးစီးကြီးမှူး၍ နှစ်စဉ် တစ်လတိုင်တိုင် ကျင်းပလျက်ရှိသော ကိုးကြိမ်မြောက် ယဉ်ကျေးမှု သင်တန်းဖွင့်လှစ်ခြင်း၊ ရှင်သာမဏေနှင့်သိက္ခာရှင်ဝတ်ပွဲကို ၁၃၆၈ခုနှစ် တပေါင်းလပြည့်ကျော် ၉ ရက် (မတ် ၁၁ ရက်) တနင်္ဂနွေနေ့တွင် ကျင်းပမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသော ကျောင်းသားကျောင်းသူများ ကြိုတင်စာရင်းပေးသွင်းရန်နှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ ဖျော်ရည်၊ ရေ၊ မီး အလှူများကို လှူဒါန်းလိုသော အလှူရှင်များသည် ဗုဒ္ဓယဉ်ကျေး ကြီးပွားရေးအဖွဲ့ မြို့မယဉ်ငေး သာသနာ့ရိပ်သာ ကျောက်မော်ရပ် ထားဝယ်မြို့ ဖုန်း–၀၅၉–၂၁၂၆၇ သို့ တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ကျီးကန်းပြင်လမ်းတံတားပေါ်ရှိ တံတားအမှတ် (၁၀)တည်ဆောက်ခြင်း လုပ်ငန်းခွင်တွင် ကမ်းကပ်ခုံပိုင်တိုင်များ ရိုက်ခြင်း လုပ်ငန်းကို မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးလှဖော်ဖဲနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

တောင်သာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးစိုးရွှေ ဖေဖော်ဝါရီ ၁၁ရက်က တောင်သာမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေကျပ်သိန်း ၆၀ဖြင့် ဝဲလောင်–ရွာသစ်လမ်း အရှည်ပေ ၃၃၂၀၊ အကျယ် ၁၂ပေရှိ ကျောက်ချောခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကြင်အေးက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် ပြန်/ဆက်)

6-3 (17) 1 3/6/07, 4:32 PM

CAPITAL HYPERMARKET မှ SUPPLIER များ ခေါ်ယူခြင်း

JDS Co.,Ltd. မှ မကြာမီဖွင့်လှစ်မည့် ခေတ်မီ **Capital Hypermarket** ကြီးတွင် အောက်ဖော်ပြပါ ကုန်ပစ္စည်းများအား ဝယ်ယူရောင်းချလိုပါ၍ တင်သွင်းရောင်းချမည့် ကုမ္ပဏီများ၊ ပိုင်ရှင်များအနေနှင့် ဆက်သွယ်ဆောင်ရွက်လိုပါက အောက်ပါလိပ်စာအတိုင်း ၈-၃-၂၀၀၇ ရက်မှ ၂၃-၃-၂၀၀၇ရက်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၁။ စားသောက်ကုန်။	၁၁။ အိပ်ခန်းဝင်ပစ္စည်း။
၂။ လူသုံးကုန်။	၁၂။ အမျိုးသမီးအဝတ်အစား။
၃။ ကလေးကစားစရာပစ္စည်းများ။	၁၃။ အမျိုးသားအဝတ်အစား။
၄။ ဖန်စီ။	၁၄။ မွေးကင်းစကလေးအဝတ်အစားနှင့် အသုံးအဆောင်။
၅။ အလှကုန်။	
၆။ အိမ်သုံးဆေး။	၁၅။ အိမ်သုံးပစ္စည်း။
၇။ စာရေးကိရိယာ။	၁၆။ အိတ်မျိုးစုံ။
၈။ လျှပ်စစ်ပစ္စည်း။	၁၇။ ဖိနပ်မျိုးစုံ။
၉။ မီးဖိုချောင်သုံးပစ္စည်း။	၁၈။ ကုန်မာပစ္စည်း။
၁၀။ အားကစားပစ္စည်း။	၁၉။ ပရိဘောဂပစ္စည်း။

JDS Co., Ltd.
G 5 & G 6, Ground Floor, FJV Commercial Center,
422/426, Corner of Strand Road & Botahtaung Pagoda Road,
Botahtaung Township, Yangon.

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender)ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို နိုင်ငံခြားငွေ(**US Dollar/Euro**)များဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ(**Sealed Tender**)ကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	12(T)23/MR(ML) 2006-2007	CAT ENGINE Model 3508 B Complete with Standard Accessories and Spares	3-Sets

ချိပ်ပိတ်တင်ဒါပိတ်ရက်၊ အချိန် ၅-၄-၂၀၀၇ (ကြာသပတေးနေ့) (၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၅-၃-၂၀၀၇ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၁၃၉၈၂၊ ၂၉၁၃၉၈၅၊ (၂၀၁၅၅၅-လိုင်းခွဲ-၆၀၁၊ ၆၀၂၊ ၆၀၅၊ ၆၁၂)။

နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်း

မန္တလေးမြို့ ၂၆ဘီလမ်း၊ ၈၈လမ်းနှင့် ၈၉လမ်းကြား စိန်သုံးလုံးပွဲရုံနေ ကိုကျော်မျိုးဦး ၉/မနတ(နိုင်)၀၁၇၂၀၄ နှင့် မိုးညှင်းမြို့ ကန်တော်ကုန်းရပ် အမှတ်(၆၄)နေ မခွာညိုမြင်း ၁/မညန (နိုင်)၀၉၁၂၄၉တို့သည် စိတ်သဘောထား တိုက်ဆိုင်ခြင်း မရှိပါ၍ ၁၅-၂-၂၀၀၇ရက်တွင်အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ တရားဝင် လုံးဝကွာရှင်းပြတ်စဲပြီးကြောင်း ကြော်ငြာအပ်ပါသည်။

မခွာညိုမြင်း
၁/မညန(နိုင်)၀၉၁၂၄၉
မိုးညှင်းမြို့။

KIS ကားငှားလုပ်ငန်း **Pajero, Double Cub, Saloon**

လချုပ် အမြန်ငှားလိုသည်။ ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါ။
ဖုန်း - ၂၉၃၂၉၄၊ ၀၉-၅၀-၀၂၄၄၀၊ ၀၉-၅၁-၃၄၇၇၈၊ ၄၄ ၁၂၁၈၁။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့ (၁၅)ရပ်ကွက် ကျွန်းရွှေဝါလမ်း အမှတ် ၄၅၈ ဧရိယာ ပေ၄၀xပေ၆၀ရှိ မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်ဦးစောကြည်ဝင်း ၃/ဘအန(နိုင်) ၁၅၂၆၄၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေများမှ အပြီးအပိုင် ဝယ်ယူရန်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခုနစ်ရက်အတွင်း ကန့်ကွက်ရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသိန်းဇော်ဦး(LL.B)
အထက်တန်းရှေ့နေ
အမှတ် ၆၂၁၊ သန္တာ(၄)လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။



ရိုးရာနှမ်းမနဲထိုးပြိုင် ဆုရအသင်းများ ဆုချီးမြှင့်

ပြည် ဖေဖော်ဝါရီ ၁၀

လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့က ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၈၄)ကြိမ်မြောက် ရိုးရာနှမ်းမနဲထိုးပြိုင်ပွဲကို ဇန်နဝါရီ ၃၁ ရက် နံနက် ၇နာရီက ရွှေဆံတော်စေတီ မဟာဗောဓိရင်ပြင် ပြိုင်ပွဲကြီးကြပ်ရေး ဗဟိုမဏ္ဍပ်၌ ကျင်းပသည်။

ရှေးဦးစွာ ရွှေဆံတော်ဂေါပကအဖွဲ့၏ကိုယ်စား ဂေါပကအဖွဲ့ဝင် ပြည်တက္ကသိုလ်ပါမောက္ခချုပ် ဦးမြဝင်းက အဖွင့်အမှာစကားပြောကြားပြီး နှမ်းမနဲထိုးပြိုင်ပွဲ၏ စည်းမျဉ်း၊ စည်းကမ်းများကို ဒိုင်ချုပ် ပြည် နည်းပညာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဦးအောင်ကျော်မြတ်က ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပဲခူးတိုင်း(အနောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ဝင်းဦးက အချက်ပေးမောင်းတီးပြီး ပြိုင်ပွဲကိုစတင်ကျင်းပရာ နှမ်းမနဲ ခုနစ်ဒယ်ကို ပြိုင်ပွဲဝင်ခုနစ်ဖွဲ့က ယှဉ်ပြိုင်ထိုးကြသည်။ ထို့နောက် ပထမ သာသနနုဂ္ဂဟအဖွဲ့၊ ဒုတိယ မြတ်စွယ်တော်အဖွဲ့နှင့် တတိယ ဗုဒ္ဓပူဇနိယအဖွဲ့တို့အား ဂေါပကအဖွဲ့က ဆုများချီးမြှင့်ကြသည်။ **(၁၉၉)**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးတင်လှိုင် ဖေဖော်ဝါရီ ၁၇ရက်က နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းဦးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

ရန်ကုန်မြို့ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ဖွင့်လှစ်သော နေ့ကလေးထိန်းကျောင်းမှ ရင်သွေးငယ်များ၏ ကလေးများနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၃ရက်က ကျင်းပရာ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံကိန်း မန်နေဂျာ ဦးသန်းလွင်နှင့် ကျောင်းဖွံ့ဖြိုးရေးကော်မတီဝင်များ အားပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မကွေးတိုင်း ငဖဲမြို့နယ် ဆင်ချီထိုင်-မန်းဆုံကျေးလက် လမ်းပေါ်ရှိ အုတ်ခုံခံသစ်သားတံတား တည်ဆောက်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁ရက်က စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူးနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိဦးမြင့်လှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရန်နိုင်ညွန့်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ဘွက်ကြီးတံတားတည်ဆောက်ရေး စီမံကိန်းကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် နေပြည်တော်မှ ပျဉ်းမနား–တောင်ညို–တောင်တွင်းကြီး ကားလမ်းတစ်လျှောက် ပျဉ်းမနားခရိုင် ဆောက်လုပ်ရေးက ဆောင်ရွက်လျက်ရှိသည့် လမ်းမျက်နှာပြင် အနိမ့်အမြင့်ညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်းလုပ်ငန်း၊ တစ်ဖက်လျှင် လေးပေအကျယ် ကိုးလက်မထု အမာခံလမ်းပုခုံး ကျောက်စီခင်းကြိတ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ၃၇ မိုင် ခြောက်ဖာလုံရှိ ဝွေးချိုစခန်းသို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဝန်ကြီးအား ဝွေးချိုစခန်းရှင်းလင်းဆောင်၌ ပျဉ်းမနားခရိုင် အင်ဂျင်နီယာမှူးနှင့် လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၅) အင်ဂျင်နီယာမှူးတို့က မိမိတို့ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လမ်းအပိုင်းလိုက် လုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်တို့ကို ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်းပေး

ဝန်ကြီးက မြေသားလမ်း တိုးချဲ့ပြီးသောအပိုင်းများ၌ ၂၄ပေအကျယ် ကျောက်ချောလမ်းနှင့် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများကို သတ်မှတ် စံချိန်စံညွှန်းမီ လုပ်ဆောင်ရန်၊ ကျောက်အရွယ်အစား၊ ကျောက်ထုအထူ ပြည့်မီ၍ လိုအပ်သည့် သိပ်သည်းမှုရအောင် ခင်းကြိတ်ရန်တို့ကို မှာကြားဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးသည် အဆိုပါ စခန်းမှထွက်ခွာခဲ့ပြီး လမ်းတစ်လျှောက် လမ်းတံတားလုပ်ငန်းများကို စစ်ဆေး၍ နေ့လယ်ပိုင်းတွင် ရန်ကုန်–ပြည်–မန္တလေးလမ်း မိုင်တိုင်(၂၁၁)မိုင် ခြောက်ဖာလုံတွင်ရှိ ဘွက်ကြီးတံတားတည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၁)မှ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်သူက တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

တစ်ပြိုင်တည်းလုပ်ဆောင်

ဝန်ကြီးက ကြိုတင်အားဖြည့် သံကူကွန်ကရစ် ရက်မလုပ်ငန်းများကို စတင်ဆောင်ရွက်ကြရန်၊ သတ်မှတ်ချိန်အမီ ပြီးစီးအောင်ဆောင်ရွက်ရန်နှင့် ချဉ်းကပ်လမ်းလုပ်ငန်းကို တံတားလုပ်ငန်းများနှင့် တစ်ပြိုင်တည်း လုပ်ဆောင်ရန်တို့ကို မှာကြားသည်။ *စာမျက်နှာ ၁၂ ကော်လံ ၄* ●

ကြံခင်း–ဥသျှစ်ပင်လမ်းပိုင်းနှင့် ဖားတစ်ရှဉ်းတံတားတည်ဆောက်မှု ရထားပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကြည့်ရှုစစ်ဆေး

ဖားတစ်ရှဉ်းတံတား

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ဖားတစ်ရှဉ်းတံတား တည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(ရထား)

နေပြည်တော် မတ် ၅

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းလိုက်ပါ၍ ကြံခင်း–ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ကြံခင်း–ဥသျှစ်ပင် လမ်းပိုင်းဆောင်ရွက်မှုနှင့် ဖားတစ်ရှဉ်းတံတား တည်ဆောက်မှုတို့ကို စစ်ဆေးရန် ယမန်နေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်း ကြံခင်းမြို့နယ်ရှိ ဖားတစ်ရှဉ်းတံတား တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ဝန်ကြီးအား ရှင်းလင်းဆောင်၌ ကြံခင်း–သရက်လမ်းပိုင်းစီမံကိန်းအင်ဂျင်နီယာဦးမျိုးဝင်းက ဖားတစ်ရှဉ်းတံတား တည်ဆောက်ပြီးစီးမှုနှင့် ဆောင်ရွက်ရန်ကျန်ရှိမှုလုပ်ငန်းများ၊ လုပ်ငန်းခွင်သုံးပစ္စည်းများ စုပုံမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ❐

မြန်မာ့အလင်း

ပြည်တွင်း ပြည်ပ သတင်း ဆောင်းပါး အညွှန်း

မြန်မာနိုင်ငံတွင် စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီစနစ် ပေါ်ထွန်းစေရန် အစိုးရနှင့်ပြည်သူ ကြည်ကြည်ဖြူဖြူ အသွင်တူစွာ ကြိုးပမ်းနေကြပါသည်။

ဒေါက်တာ ချော ၏ ဆောင်းပါး (စာ–၈၊ ၉)



မတ် ၇ရက် ညပိုင်းတွင် မန်ယူနှင့်လိုင်လီတို့ ဒုတိယအကျော့ ယှဉ်ပြိုင်ကစားကြမည်။

ကမ္ဘာတစ်လွှား အားကစား (စာ–၁၃)

၂၀၀၅ ခုနှစ် အတွက် မြန်မာ့ရုပ်ရှင်အကောင်းဆုံးထူးချွန်ဆု ဆွတ်ခူးရရှိကြသူများ

- ❑ **အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားတည်းဖြတ်ဆု**
  အောင်သွင် (ဆဌဂံ)
- ❑ **အကောင်းဆုံး ရုပ်ရှင်အသံထူးချွန်ဆု**
  ရဲဝင်း (ခ) ရစ်ချက်ရဲဝင်း (ကျန်စစ်မင်း)
- ❑ **အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံဆု**
  နိုင်နုရှိန် (ဖထီး) (မိုးကုပ်စက်ဝိုင်းကိုကျော်လွန်၍)
- ❑ **အကောင်းဆုံး ရုပ်ရှင်တေးဂီတဆု**
  ခင်မောင်ကြီး (ကျန်စစ်မင်း)
- ❑ **အကောင်းဆုံး ရုပ်ရှင်ဇာတ်ညွှန်းဆု**
  ကြည်စိုးထွန်း (ဆဌဂံ)
- ❑ **အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆု**
  ချမ်းသာကြည်စိုး (ဆဌဂံ)
- ❑ **အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆု**
  မြတ်ကေသီအောင် (ချစ်ခြင်းဖွဲ့မေတ္တာ)
- ❑ **အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆု**
  ကျန်စစ်မင်း (ဝေရက်ရုပ်ရှင်)
- ❑ **အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာဆု**
  ကြည်စိုးထွန်း (ဆဌဂံ)
- ❑ **အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆု**
  လူမင်း (ကျန်စစ်မင်း)
- ❑ **အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆု**
  ထွန်းအိန္ဒြာဗို (မိုးကုပ်စက်ဝိုင်းကိုကျော်လွန်၍)